 © Translation Right - HRERP

# အခန်း (၇)

# အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များကို သီအိုရီပြုခြင်း*

## စမန်သာ ဘတ်စ်ဆန်**

**SAMANTHA BESSON. (2010). Theorizing the Sources of International Law. Chapter (7). In "The Philosophy of International Law". Oxford University Press. pp.163~185.**

## ၁။ နိဒါန်း

အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ရင်းမြစ်များအား ဖော်ထုတ်သတ်မှတ်ခြင်း တစ်နည်းအားဖြင့် ၎င်း၏ ဥပဒေပြုခြင်း ဖြစ်စဉ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေရှိ အဓိက အရေးအပါဆုံးသော မေးခွန်းများစွာထဲမှ တစ်ခုဖြစ်ကောင်း ဖြစ်နိုင်သော်လည်း အခက်အခဲဆုံးမေးခွန်းတစ်ခု ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေကို ပေါ်ပေါက်လာသော တာဝန်များနှင့် တရားဝင် အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများကို လက်တွေ့ဖော်ထုတ်သတ်မှတ်ရန် အရေးကြီး သည့်အပြင် အပြည်ပြည်ဆိုင်ရာဥပဒေကိုယ်တိုင်ရှိ သဘောသဘာဝ တစ်နည်းအားဖြင့် တရားဥပဒေနှင့် ညီညွတ် ခြင်း (legality) ကို ပေါ်လွင်အောင် ညွှန်းဆိုရန်လည်း အရေးကြီးပါသည်။[1] ထို့အပြင် အပြည်ပြည်ဆိုင်ရာ ဥပဒေ အရင်းအမြစ်များ သတ်မှတ်ခြင်းသည် ၎င်း၏ စံနှုန်းဖြစ်တည်မှု မူလအရင်းခံအချို့နှင့် အာဏာသက်ဝင်မှု တောင်းဆို ခြင်းတို့ကို (အတိုချုပ်အားဖြင့်) ရှင်းလင်းဖွင့်ဆိုခြင်းဖြစ်ပြီး ၎င်း၏ တရားဝင်ဖြစ်တည်မှုရှိခြင်း (legitimacy) နှင့် သက်ဆိုင်သူများမှ လိုက်နာကျင့်သုံးစေရန်အတွက် သီးသန့်ကျိုးကြောင်းပြချက်များ သတ်မှတ်ရာတွင် သင့်မြတ် မှန်ကန်မှုရှိခြင်း တို့မှာပို၍ အရေးကြီးပါသည်။

### (၁) အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ ဥပဒေဆိုင်ရာ ဖြစ်စဉ်သဘော

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အရင်းအမြစ်များဆိုင်ရာ မေးခွန်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဥပဒေ ပညာရှင်များအကြားတွင် ဖျောင်းဖျယုံကြည်မှုသဘောဖြင့်သာ ဆွေးနွေးကြလေ့ရှိသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ ၏ တရားဝင်အရင်းအမြစ်များကို အကိုးအကားပြုကာ ဆွေးနွေးဖြေရှင်းလေ့ရှိကြပြီး အထူးသဖြင့် အပြည်ပြည် ဆိုင်ရာတရားရုံး ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၅) ၏ အပိုဒ် ၃၈ တွင် ဖော်ပြထားသော သဘောတူစာချုပ်ဥပဒေ၊ ဓလေ့ထုံးတမ်း ဥပဒေနှင့် ယေဘူယျအခြေခံမူသဘောတရားများ၊ ဟူသည့် အရင်းအမြစ် သုံးမျိုးကို ခေတ်အလွန် နောက်ကျနေသော်လည်း လက်ခံအသုံးပြုနေဆဲဖြစ်သည်။ 'အစွယ်အပွါး' သို့မဟုတ် 'အတက်အလက်' အဖြစ် မှတ်ယူထားကြသည့် စီရင်ထုံးနှင့် ထင်ရှားသည့် ပညာရှင်များ၏ အရေးအသားများကို အခြားအရင်းအမြစ် များအဖြစ် ဖြည့်စွက်သတ်မှတ်ထားသည်။

---

*ဘာသာပြန်-မေဖြူ၊ ဇင်နှင်း

** အကူအညီဖြစ်စေသော ဝေဖန်အကြံပြုချက်များနှင့် ဖြည့်စွက်မှတ်ချက်တို့အတွက် John Tasioulas, Anthony D'Amato, David Lefkowitz နှင့် Allen Buchanan တို့ကို ကျေးဇူးများစွာ တင်ရှိပါသည်။

[1] Hart, H. L. A., *The Concept of Law (*rev. edn., Oxford: Clarendon, 1994), 213 – 16; D'Amato, A., 'Is International Law Really "Law"?', Northwestern Law Review, 79 (1985), 1293; Higgins, R., Problem & Process, International Law and How We Use it (Oxford: Oxford University Press, 1994), 17 – 18.

 © Translation Right - HRERP

ဥပဒေဆိုင်ရာ ဖြစ်စဉ်သဘော၏ ပထမဆုံးချို့ယွင်းချက်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များသည် လက်တွေ့တွင် ထင်ထင်ရှားရှား ကွဲပြားခြားနားကြသော်လည်း နိုင်ငံကဲ့သို့သော အမျိုးအစားများတွင် အလွန်အမင်း ကျပ်တည်းမှုရှိခြင်းဖြစ်သည်။ ပထမဦးစွာဖော်ပြလိုသည်မှာ အပြည်ပြည်ဆိုင်ရာ *ဥပဒေပြုသူများ*သည် စုပေါင်းသဘောဆောင်ကြသည့်သဘောရှိသည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ဖြစ်ကြပြီး တစ်ခါတစ်ရံမှသာ လူပုဂ္ဂိုလ်များ ပါဝင်ကြသည်။ သို့သော် ပြည်တွင်းဥပဒေတွင် ဥပဒေပြုလုပ်သူများသည် လူပုဂ္ဂိုလ်များဖြစ်ကြပြီး ထိုပုဂ္ဂိုလ်များသည် ၎င်းတို့၏ ကိုယ်ပိုင် စွမ်းဆောင်ရည်ဖြင့် မဟုတ်ဘဲ နိုင်ငံသားများမှ တိုက်ရိုက်သော်လည်းကောင်း၊ အုပ်ချုပ်သူများမှ သွယ်ဝိုက်၍သော်လည်းကောင်း ပင်မဥပဒေ ပြုလုပ်သူများ ဖြစ်လာကြသည်။ ဆန့်ကျင်ဘက်အားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေတွင် မတူကွဲပြားသော ဥပဒေပြုလုပ်သူများစွာ ရှိကြပြီး ၎င်းတို့သည် တရားဝင်အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးအသိုက်အဝန်း၌ တရားဝင်အရဆိုသည်ထက် တစ်ဦးချင်းအမြင်ဖြင့်သာ အပြည်ပြည်ဆိုင်ရာဥပဒေပြုခြင်း ဖြစ်စဉ်တွင် ပါဝင်လေ့ရှိကြသည်။ အစဉ်အလာအားဖြင့် နိုင်ငံများသည် အများဆုံးအပြည်ပြည်ဆိုင်ရာ ဥပဒေပြုလုပ်သူဖြစ်ကြပြီး နိုင်ငံတစ်ဦးတည်းမှ ပြုလုပ်ပြဋ္ဌာန်းလိုက်သည့် ထိုဥပဒေများကို ၎င်းတို့ကိုယ်တိုင်သာမက အခြားသော အပြည်ပြည်ဆိုင်ရာ သက်ဆိုင်သူများ ဥပမာ-အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နောက်ဆုံး လူပုဂ္ဂိုလ်တစ်ဦးချင်းအထိ ကျင့်သုံးကြသည်။ အကျိုးဆက်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပြုသူများနှင့် ဥပဒေသက်ဆိုင်သူများ အကြား ထပ်တူကျမှုမှာ အကြီးအကျယ်ပျောက်ဆုံးနေခြင်းဖြစ်ပြီး ထိုထပ်တူကျမှုမှာ ဒီမိုကရေစီကျကျ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြည်တွင်း ဖွဲ့စည်းပုံစနစ်များ၏ အဓိကကျသော တောင်းဆိုချက်ဖြစ်ပေသည်။

ဒုတိယအချက်မှာ ဥပဒေပြုခြင်း ဖြစ်စဉ်သည် ပြည်တွင်းဥပဒေစနစ်များတွင် များသောအားဖြင့် ဥပဒေပြုလွှတ်တော်ဖြစ်ပြီး အခြားအရင်းအမြစ်များသည် သာမန်ကဏ္ဍအဖြစ်သာ ပံ့ပိုးသက်ဆိုင်ကြသော်လည်း အပြည်ပြည်ဆိုင်ရာဥပဒေစနစ်တွင် တစ်ခုတည်းသော ကမ္ဘာ့ဥပဒေပြုလွှတ်တော်ဟူ၍ မရှိသည်ဖြစ်ရာ ထို့ကြောင့်ပင် အပြည်ပြည်ဆိုင်ရာဥပဒေတွင် တူညီသောအရင်းအမြစ်များသည် ဗဟုဝါဒအဖြစ် ရှိလေသည်။ ရလာဒ်အနေဖြင့် ထိုအရင်းအမြစ်များသည် ၎င်းတို့၏ သက်ဆိုင်ရာ ဖြစ်စဉ်များတွင် အမြဲဆိုသလို အချင်းချင်း ထွေးတင်ရောယှက်နေကြပြီး အပြန်အလှန် လွှမ်းမိုးမှုရှိနေကြသည်။ တကယ်တော့ သဘောတူစာချုပ်ပြုခြင်းများသည် များပြားတိုးပွားလာခဲ့သည်ဖြစ်သော်လည်း ဓလေ့ထုံးတမ်းဥပဒေသည် အထွေထွေ အပြည်ပြည်ဆိုင်ရာဥပဒေ၏ ကျောရိုးအဖြစ်ပါဝင်ပြီး နိုင်ငံများစွာပါဝင်သော သဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့် ဥပဒေစုစည်းခြင်းလုပ်ငန်းစဉ်များ တိုးတက်လာခြင်းဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေသည် မကြာမီနှစ်များစွာတွင် အားကောင်းတိုးတက်လာခဲ့သည်။ နောက်ဆုံးအချက်အနေဖြင့် ပြည်တွင်းဥပဒေစနစ်များသည် များသောအားဖြင့် ဗဟိုချုပ်ကိုင်မှုရှိကြပြီး အရင်းအမြစ်များအကြားနှင့် များစွာသော ပြည်တွင်းဥပဒေနယ်ပယ်စုံများအကြားတွင် ဝါစဉ်ကျမှုသဘောတရားဖြင့် တစ်စု တစည်းတည်း ထားရှိသည်။ သို့သော် အပြည်ပြည်ဆိုင်ရာ ဥပဒေစနစ်သည် တစ်ဖက်တွင် ၎င်း၏ ဥပဒေ အရင်းအမြစ် များအကြား ဝါစဉ်ကျမှုမရှိခြင်းကြောင့် ထောင်လိုက်အားဖြင့် မူမတူ ယှဉ်တွဲမှုရှိလေနေသလို အခြား တစ်ဖက်တွင်လည်း နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် စင်ပြိုင်ဥပဒေစနစ်များအကြား အလျားလိုက်အားဖြင့်လည်း မူမတူယှဉ်တွဲနေထိုင်ခြင်းသို့မဟုတ် စိတ်မြွှာကွဲနေခြင်း တို့ ရှိကြလေသည်။

အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များဆိုင်ရာ လက်ရှိ ဥပဒေရေးရာ ဖြစ်စဉ်သဘော၏ ဒုတိယအခက်အခဲမှာ မကြာခင်နှစ်များအတွင်း အပြည်ပြည်ဆိုင်ရာ ဥပဒေပြုခြင်းတွင် ဖြစ်ပွါးခဲ့သော အရေးကြီးသည့်ပြောင်းလဲမှုများကို မတွေ့မြင် မသိကျိုးကျွန်ပြုနေခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ တရားဝင်ဖြစ်စေခြင်းဟု ခေါ်နိုင်သည့် ကာလတလျှောက်တွင် ယခင်က ပြည်တွင်းဥပဒေပြုခြင်းအတွက် ချန်လှပ်ခဲ့သည်ဖြစ်သော တချိန်တည်းတွင် များစွာသော ဥပဒေပြုလုပ်သူများမှလည်း ချန်လှပ်ထားခဲ့သည့် ပြဿနာများအတွက်ချမှတ်လိုက်သည့် ဥပဒေစံနှုန်းများမှာ ပိုမိုများပြားလာပြီး အပြည်ပြည်ဆိုင်ရာဥပဒေ၏ သိပ်သည်းခိုင်မာမှုသည်

လည်း တိုးတက်လာခဲ့သည်။[2] ပထမအချက်အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ သက်ဆိုင်သူများသည် ဆထက်တိုး ပွားခဲ့ပြီး ၎င်းတို့နှင့်အတူ ဥပဒေပြုလုပ်သူများ၏ အခန်းကဏ္ဍသည်လည်း အရေးပါလာခဲ့သည်။ ထို့ကြောင့် ဥပဒေပြုဖြစ်စဉ်တွင် နိုင်ငံများချည်းသာ ဥပဒေပြုသူများအဖြစ် လက်ဝါးကြီးအုပ်ထားမှုအပေါ် ခြိမ်းခြောက်မှုရှိလာ ပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက နေရာရလာကာ အတိုင်းအတာအနည်းငယ်အထိ လူပုဂ္ဂိုလ်များလည်း နေရာရလာခဲ့သည်။[3] ဒုတိယအချက်မှာ ဥပဒေပြုသူ အသစ်များ ပေါ်ထွက်လာမှုနှင့်အတူ အပြည်ပြည်ဆိုင်ရာ ဥပဒေပြုခြင်း ဖြစ်စဉ်များသည် အင်စတီကျူးရှင်းတစ်ခုအသွင်သဖွယ် ဖြစ်လာခဲ့ပြီး နိုင်ငံများစွာပါဝင်သော သဏ္ဍာန်ဆောင် ဥပဒေပြုခြင်းလုပ်ငန်းစဉ်များအဖြစ် ဆင်တူသောအသွင်ဖြင့် ပေါ်ပေါက်ခဲ့သည်။ နောက်ဆုံးအနေ ဖြင့် ရလာဒ်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ စံနှုန်းသတ်မှတ်ခြင်းသည် အင်တိုက်အားတိုက် ဆင့်ကဲပြောင်းလဲလာ ခြင်းဖြစ်သည်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေသည် ပြုလုပ်မှုအဆင့်မှ အပြုခံအဆင့်သို့လည်းကောင်း၊ နှိုင်းရ အခြေ အနေမှ အများဆိုင် အခြေအနေသို့လည်းကောင်း၊ စံနှုန်းဒီကရီအနေနှင့်လည်း စည်းနှောင်မှုအားပျော့သော ဥပဒေ (ဝါ) သိပ်သည်း ခိုင်မာမှုလျော့နေခြင်းမှသည် အလွန်အရေးပါသော ဥပဒေအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။

## ( ၂ ) အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ ဒဿနိကဆိုင်ရာ ဖြစ်စဉ်သဘော

အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ အစဉ်အလာ ဒဿနိကဆိုင်ရာ ဖြစ်စဉ်သဘောသည်လည်း အပြည် ပြည်ဆိုင်ရာဥပဒေပြုလုပ်ခြင်းအပေါ် တိမ်းညွတ်သော အမြင်များရှိသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ သီအိုရီများ သည် တစ်ဖက်တွင် ဥပဒေလက်ရှိမျက်မြင်ဝါဒ (legal positivism) နှင့် အခြားတစ်ဖက်တွင် သဘာဝ ဥပဒေသီအိုရီ (natural law theory) ဟူ၍ အထင်အရှား ကွဲပြားကြသည်။ ထိုကွဲပြားချက်သည် တစ်ဖက်တွင် သဘောတူစာချုပ် မှာ သတ်မှတ်ပြဋ္ဌာန်းဥပဒေဟု အယူရှိသူများရှိသော်လည်း အခြားတစ်ဖက်တွင် ဓလေ့ထုံးတမ်းဥပဒေနှင့် အထွေ ထွေအခြေခံမူသဘောတရားများ မှာ သဘာဝဥပဒေ ဟုအယူရှိသူများရှိလာပြီး နှစ်ဦးစင်ပြိုင် အခြေအနေ (Manichean opposition) သို့ ဦးတည်စေသည်။

ဤသို့ နှစ်ဦးစင်ပြိုင်ဖြစ်လာခြင်း၏ အရေးပါသည့် အကြောင်းရင်းတစ်ခုမှာ 'နိုင်ငံများ၏ အချုပ်အခြာ အာဏာ တူညီမှု' ဆိုသည့် မျက်မှောက်ခေတ် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အဓိက သွင်ပြင်လက္ခဏာတစ်ခုတွင် တည်ရှိနေသည်။ ထိုမူသဘောတရားသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အာဏာသက်ဝင်မှု -*pacta sunt servanda* အတွက် ဂယက်ထမှုများ ဖြစ်စေခဲ့သည်။ ဆိုလိုသည်မှာ 'နိုင်ငံများအား ၎င်းတို့လိုက်နာရန် သဘောတူထားသည့် ဥပဒေများဖြင့်သာ စည်းနှောင်နိုင်သည်' မူသဘောတရားဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အာဏာသက်ဝင် မှုနှင့် စပ်လျဉ်း၍ သဘောတူခွင့်ပြုသည့်ဝါဒ (Consensualism) တွင် အချက် သုံးချက်ပါဝင်သည်၊ အပြည်ပြည် ဆိုင်ရာဥပဒေသည် အကြောင်းအရာအလိုက်သာ ပြုလုပ်သူဖြစ်သည် - ဆိုလိုသည်မှာ နိုင်ငံများက သဘောတူ ခွင့်ပြု ထားသည့် အကြောင်းအရာကို ကန့်သတ်ထားခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် (ပုဂ္ဂလိကဆိုင်ရာ) နယ်ပယ်၌သာ စပ်ဆိုင်နိုင်သည် - တစ်နည်းအားဖြင့် သဘောတူခွင့်ပြုထားသည့် နိုင်ငံများကိုသာ ကန့်သတ်ထား ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် တစ်ခုတည်းသော ရှုထောင့်ဖြင့်သာ ဖြစ်တည်လာနိုင်သည် - ဆိုလိုသည်မှာ နိုင်ငံတစ်ခုချင်းစီတိုင်း၏ သဘောတူညီချက်ဖြင့်သာ ပေါ်ထွက်လာရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ဥပဒေဆိုင်ရာ လက်ရှိမျက်မြင်ဝါဒနှင့် သဘာဝတရားဥပဒေသီအိုရီတို့အကြား ကွဲပြားသောအစွန်းနှစ်ဖက် ပေါ်ထွက် လာခြင်းမှာ အံ့ဩဖွယ်ရာမရှိပေ။ အမှန်တွင် ဥပဒေဆိုင်ရာ မှန်ကန်ခိုင်မာမှုအားဖြင့်ဆိုရပါက သဘောတူခွင့်ပြုသည့်

[2] See the discussion in Cassese, A. and Weiler, J. (eds.), Change and Stability in International Law-Making (Berlin, New York: De Gruyter, 1988); Lowe, V., 'The Politics of Law-Making: Are the Method and Character of Norm Creation Changing?' in Byers, M. (ed.), The Role of Law in International Politics (Oxford: Oxford University Press, 2000), 207.

[3] See e.g. Alvarez, J., International Organisation as Law-Makers (Oxofrd: Oxford University Press, 2006); McCorquodake, R., 'An Inclusive International Legal System', Leiden Journal of International Law, 17 (2004), 477.

ဝါဒ သည် ဥပဒေဆိုင်ရာလက်ရှိမျက်မြင်ဝါဒသို့ သွယ်ဝိုက်သက်ရောက်နိုင်သည်။ ဆိုလိုသည်မှာ မှန်ကန်ခိုင်မာမှု ရှိခြင်းနှင့် ချိတ်ဆက်နေသည့် ဥပဒေဖြစ်စဉ်သည် ပြဋ္ဌာန်းတည်ရှိနေသည့် ဥပဒေများနှင့် ချိတ်ဆက်နေသည်ဖြစ်ပြီး ဆန့်ကျင်ဘက်ဖြစ်သော သဘာဝတရားဥပဒေသီအိုရီတွင်မူ ဥပဒေ မှန်ကန်ခိုင်မာမှုသည် ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအရာများနှင့် ချိတ်ဆက်နေသည်ဟု သတ်မှတ်ကြသည်။

သို့သော် ဤနည်းဖြင့် ဥပဒေကျိုးကြောင်းဆီလျော်မှုနှင့် ဥပဒေအရင်းအမြစ်များထံသို့ ချဉ်းကပ်ရာတွင် အခက်အခဲ နှစ်ရပ်ရှိသည်။ ပထမတစ်ခုမှာ သဘောတူခွင့်ပြုဝါဒသည် စံနှုန်းသတ်မှတ်ချက် (normativity)နှင့် တရားဝင်ဖြစ်မှု (legitimacy) ထံသို့ ကနဦး ချဉ်းကပ်မှုပြုပြီး တရားဥပဒေနှင့် ညီညွတ်မှု (legality) ကို ချဉ်းကပ် အနည်းငယ်မျှ မပြုလုပ်ခဲ့ပေ။ ထို့အပြင် နိုင်ငံ၏ သဘောတူမှုအား အပြည်ပြည်ဆိုင်ရာဥပဒေရှိ စံနှုန်းသတ်မှတ် ချက်နှင့် တရားဝင်ဖြစ်တည်မှုတို့အတွက် အရေးအပါဆုံးသော ရင်းမြစ်များအဖြစ် ဆက်လက် သတ်မှတ်ခြင်း မရှိတော့သည်ကို ကျွန်ုပ်တို့ တွေ့ကြရပေလိမ့်မည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ သီအိုရီကို ဒုတိယအချက်နှင့် ရှင်းလင်းစွာ ခွဲခြားထားရန် အရေးကြီးပါသည်။ သို့သော် ပြဿနာမှာ ဥပဒေလက်ရှိ မျက်မြင်ဝါဒသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင် သဘောတူခွင့်ပြုသည့်ဝါဒနှင့် မကြာခဏ ရောထွေးနေတတ်ခြင်း ဖြစ်ပြီး ဆန့်ကျင်ဘက်အနေဖြင့် မှန်ကန်သည်မှာ အပြည်ပြည်ဆိုင်ရာဥပဒေအား သဘောတူခွင့်ပြုသည့်ဝါဒ မဟုတ်သော ချဉ်းကပ်ခြင်း(non-consensualist approach) နှင့် တရားဝင်ဖြစ်တည်မှုတို့သည် သဘာဝတရား ဥပဒေမူဘောင်တွင် ဖြစ်နိုင်ချေရှိသောယုတ္တိတန်မှုအဖြစ် သတ်မှတ်ကြသည်။ ထို့ကြောင့် ဒုတိယအခက်အခဲမှာ ဥပဒေလက်ရှိမျက်မြင်ဝါဒသည် သဘောတူခွင့်ပြုသည့်ဝါဒနှင့် သေချာပေါက်မသတ်မှတ်နိုင်ကြောင်းနှင့် သဘာဝ တရားဥပဒေသီအိုရီကို ဆန့်ကျင်အဆိုပြုခြင်းအပေါ် အလေးအနက်ပြု ချဲ့ကားခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ရည်ရွယ်ချက်၊ အားလုံးနှင့် သက်ဆိုင်ခြင်း၊ အရေးပါခြင်းတို့နှင့် ကိုက်ညီခြင်းမရှိသည့် ဥပဒေလက်ရှိ မျက်မြင်ဝါဒဆိုသည်မှာ မရှိပေ။ ပို၍ အရေးပါသည်မှာ ဥပဒေလက်ရှိမျက်မြင်ဝါဒသည် အများသို့တိမ်းညွတ်ဝါဒ (majoritarianism) နှင့် ဆန့်ကျင်ကွဲလွဲခြင်းလည်း မရှိပေ။ ရလာဒ်အားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ ဖြစ်စဉ် သဘောရှိ ဥပဒေလက်ရှိမျက်မြင်ဝါဒနှင့် သဘာဝတရားဥပဒေတို့အကြား ဆန့်ကျင်ကွဲလွဲမှုသည် ၎င်းတို့ ဖြစ်သင့် သည်ထက် ဝေးကွာမှုမှာ အလွန်နည်းပါးလှသည်။

လက်ရှိအခန်း၏ ရည်ရွယ်ချက်မှာ အဆိုပါ ကွဲပြားခြားနားသော စိန်ခေါ်ချက်များကို ထည့်သွင်းစဉ်းစားထား သည့် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များရေးရာ သီအိုရီတစ်ခု ဖွံ့ဖြိုးလာစေရန်ဖြစ်သည်။ ထို့ကြောင့် ၎င်း၏ ရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များအားလုံးကို အသေးစိတ် ဆွေးနွေးရန် မဟုတ်ပါ။[4] အပြည်ပြည်ဆိုင်ရာဥပဒေအား သီအိုရီပြုခြင်းသည် သရုပ်ဖော်ပြုလုပ်မှုဗေဒသို့ ဦးတည်ခြင်း မဟုတ်နိုင် သော်လည်း ရှေ့နောက်ကိုက်ညီမှုရှိပြီး တရားဝင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာဥပဒေကျင့်သုံးမှုအတွက် စံနှုန်းများ ကို သတ်မှတ်ပေးခြင်းဖြစ်သည်။ ရလာဒ်အားဖြင့် လုပ်ငန်းစဉ်များကို စံနှုန်းပြုသကဲ့သို့ ရှင်းပြရန် ဦးတည်ခြင်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေအား နေရာချထားခြင်းနှင့် ၎င်း၏ အရင်းအမြစ်များအား လက်ရှိမျက်မြင်ဝါဒီ ဖြင့် ချဉ်းကပ်သတ်မှတ်ခြင်းတို့အပေါ် စံသတ်မှတ်ချက် အခြေခံအချက်များရှိကြောင်း ငြင်းဆိုချေပနိုင်ပြီး ထိုအခြေခံ အချက်များသည် အထူးသဖြင့် တရားမျှတမှုအပေါ် ကွဲပြားသောအမြင်များရှိကြသည့် တူညီသော အပြည်ပြည် ဆိုင်ရာ သက်ဆိုင်သူများအကြားတွင် ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုနှင့် ငြိမ်းချမ်းစွာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အချက်များဖြစ်သည်။ အဆိုပြုထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေ ဖြစ်စဉ်သဘောသည် အရင်းအမြစ်များဆိုင်ရာ ဒီမိုကရေစီနည်းကျကျ သီအိုရီအပေါ်တွင် မှီတည်နေပြီး ၎င်းအဆိုအရ အပြည်ပြည်ဆိုင်ရာဥပဒေပြုခြင်းဖြစ်စဉ်ရှိ

[4] See e.g. Boyle, A. and Chinkin, C., The Making of International Law (Oxford: Oxford University Press, 2007); Degan, V. D., Sources of International Law (The Hague: Kluwer Law International, 1997); Danilenko, G., Law-Making in the International Community ( The Hauge: Nijhoff, 1003); Van Hoof, G. J. H., Rethinking the Sources of International Law (Deventer: Kluwer, 1983).

ဒီမိုကရေစီသဘာဝသည် တန်းတူညီမျှမှုရှိခြင်း နှင့် သက်ဆိုင်အကျုံးဝင်သူအားလုံး ပါဝင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ပေးပြီး ကျင့်ဝတ် ပိုင်းဆိုင်ရာနှင့် လူမှုပိုင်းဆိုင်ရာ ဗဟုဝါဒအခြေအနေအများတွင် ကွဲပြားခြားနားသော အပြည်ပြည်ဆိုင်ရာဥပဒေသက်ဆိုင်သူများအကြား၌ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုအတွက် လိုအပ်ပေသည်။

# ၂။ အများဆိုင် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ၎င်း၏ အရင်းအမြစ်များ

## ၁။ အများဆိုင် အပြည်ပြည်ဆိုင်ရာ ဥပဒေ

### *(က) အယူအဆသဘောထား*

အနှစ်ချုပ်ပြောရမည်ဆိုပါက အများဆိုင်အပြည်ပြည်ဆိုင်ရာဥပဒေသည် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းနှင့် သက်ဆိုင်သော၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ သက်ဆိုင်သူများဖြစ်ကြသည့် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မကြာသေးမီကပါဝင်လာသည့် လူပုဂ္ဂိုလ်များအကြား ပူပေါင်းဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သော ဥပဒေစံနှုန်းများပါဝင်သည့် အစုတစ်ခုဖြစ်သည်။

ပထမဦးစွာ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ သက်ဆိုင်သူများ၊ ကိစ္စရပ်နှင့် ဥပဒေပြဋ္ဌာန်းခြင်း လုပ်ငန်းစဉ်များတွင် ယခုအခါ လူပုဂ္ဂိုလ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် နိုင်ငံများနီးပါးကဲ့သို့ ပါဝင်လာခဲ့သည်ဖြစ်ရာ အပြည်ပြည်ဆိုင်ရာဥပဒေ၏ *အပြည်ပြည်ဆိုင်ရာ* ရှုထောင့်မှာ နိုင်ငံအချင်းချင်းကြား သို့မဟုတ် အစိုးရအချင်းချင်းကြားရှိ ဥပဒေတစ်ရပ်ထက်ပိုကာ ကျယ်ကျယ်ပြန့်ပြန့် နားလည်ရမည်ဖြစ်သည်။ အမှန်စင်စစ် အပြည်ပြည်ဆိုင်ရာဥပဒေသည် နို*င်ငံအဆင့်လွန်ဥပဒေ* (supranational law) ကဲ့သို့ အခြားသော ပြည်တွင်းအဆင့်ကို ကျော်လွန်ထုတ်ပြန်ထားသော ဥပဒေပုံစံများ ကွဲပြားခြားနားသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် နိုင်ငံအဆင့်လွန် ဥပဒေတို့အကြား ခြားနားချက်မှာ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ် (တညီတညွတ်တည်း နှင့် အများစုစည်းမျဉ်း)၊ ထုတ်ပြန်သည့် ဥပဒေ၏ သတ်မှတ်နယ်ပယ် (နှိုင်းရသတ်မှတ်နယ်ပယ် နှင့် အားလုံးနှင့်သက်ဆိုင်သည့်နယ်ပယ်)၊ စံနှုန်း၏ မူလဇာစ်မြစ် (ပြုလုပ်သူ နှင့် ပြုလုပ်ခံ) စသည့်အမျိုးအစားတို့ကို အဓိကထားကာ ပြောနိုင်သည်။ သို့သော်လည်း ယနေ့ခေတ်တွင် နိုင်ငံများစွာပါဝင်ပြီး အများစုစည်းမျဉ်းအခြေခံသော အပြည်ပြည်ဆိုင်ရာ ဥပဒေရေးဆွဲခြင်းစနစ် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ထိုဖော်ပြပါ အမျိုးအစားများကြား ထပ်တူကျမှုများ တိုးတက်လာခြင်း၏ ဥပမာကောင်းတစ်ခုဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေတွင် ပြည်တွင်းသဘော၏ဆန့်ကျင်ဘက် အပြည်ပြည်ဆိုင်ရာအကြောင်း တိတိကျကျပြောဆိုရမည့်ဆိုပါက အပြည်ပြည်ဆိုင်ရာဥပဒေသည် ၎င်း၏ပြုလုပ်သူ နှင့် အပြုလုပ်နှစ်ရပ်လုံးတွင် တည်ရှိ မနေကြောင်းတွေ့ရသည်။ ယခုအခါ အချို့သော အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများသည် ပြည်တွင်း နယ်နိမိတ်များအတွင်းရှိ လူပုဂ္ဂိုလ်များအပေါ် (ပြည်တွင်းဥပဒေတွင် ပြည်တွင်းအဆင့် ပြောင်းလဲခြင်း သို့မဟုတ် သီးသန့်သတ်မှတ်ဖော်ပြခြင်းမရှိဘဲနှင့်) တိုက်ရိုက်ကျင့်သုံးနိုင်ပြီး တူညီသော ကိစ္စရပ်၏ အစိတ်အပိုင်းကို ဖြေရှင်းသည့်အခါ ၎င်းတို့သည် နယ်နိမိတ်တူညီပြီး တူညီသည့်ဥပဒေသက်ဆိုင်သူများအပေါ်တွင် အခြားသောပြည်တွင်းနှင့် ဒေသတွင်းစံနှုန်းများနှင့် ထပ်တူဖြစ်တတ်သည်။ ဥရောပသမဂ္ဂကဲ့သို့ အချို့သော ဒေသတွင်းနှင့် အပြည်ပြည် ဆိုင်ရာ ဥပဒေရေးဆွဲခြင်းဖြစ်စဉ်များတွင် လူပုဂ္ဂိုလ်များသည် ဥပဒေရေးဆွဲသူများ ဖြစ်လာကြသည့်နောက် ခြားနားချက်ကို နောက်ကြောင်းပြန်ခြေရာခံခြင်းမျိုး မပြုလုပ်နိုင်ပါ။ ထို့ကြောင့် ကွဲပြားခြားနားချက်သည် ဥပဒေရေးဆွဲရေး ဖြစ်စဉ်အဆင့်များ အတွင်း၌သာရှိသည်။ သို့မဟုတ် တစ်နည်းအားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များတွင် အပြည်ပြည်ဆိုင်ရာဥပဒေရေးဆွဲခြင်း ဖြစ်စဉ်များသည် ပြည်တွင်းအဆင့်အထက် သို့မဟုတ် တစ်ခါတစ်ရံတွင် ပြည်တွင်းအဆင့်အတွင်းတွင် ဖြစ်ပေါ်နေတတ်သည်၊ သို့သော် ပြည်တွင်းအဆင့် ဥပဒေပြုသူများထက်

အခြားသော ပြုလုပ်သူများနှင့် ပိုမို ပါဝင်ပတ်သက်နေတတ်သည်။ တစ်နည်းဆိုသော် အရေးကြီးသည်မှာ ရှုပ်ထွေးသော ကမ္ဘာ့ဥပဒေစနစ်၏ အလွှာအသီးသီး၌ ကျင့်သုံးနေသော ဥပဒေရေးရာ ပြည်တွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာအရင်းအမြစ်များအား ပြည်တွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာဥပဒေ တို့၏ အရင်းအမြစ်များနှင့် သေချာစွာ ခွဲခြားရန်ဖြစ်သည်။

ဒုတိယအချက်မှာ အပြည်ပြည်ဆိုင်ရာဥပဒေကို တစ်ခါတစ်ရံတွင် အများဆိုင် အပြည်ပြည်ဆိုင်ရာဥပဒေ ဟူ၍ ညွှန်းဆိုကြသည်။ ရှေးယခင်က အပြည်ပြည်ဆိုင်ရာဥပဒေသည် နိုင်ငံများအကြား ဥပဒေရေးဆွဲမှု၏ ထုတ်ကုန် တစ်ခုဖြစ်ခဲ့ပြီး ပြုလုပ်ခံကိစ္စရပ်များသည်လည်း နိုင်ငံများအကြား ဆက်ဆံရေးသာလျှင် ဖြစ်ခဲ့သည်။ ထို့ကြောင့် ပြုလုပ်ရေးဆွဲသူနှင့် ပြုလုပ်ခံကိစ္စရပ်များအားလုံးပါဝင်ရန် *အများဆိုင်* ဟု သုံးနှုန်းခဲ့သည်။ သို့သော် ယနေ့အချိန် တွင်မူ ပြုလုပ်သူများနှင့် ဥပဒေရေးဆွဲသူများ (လူပုဂ္ဂိုလ်များပါ ပါဝင်လာသည်) သို့မဟုတ် ၎င်း၏ ပြုလုပ်ခံ ကိစ္စရပ်များ (ပုဂ္ဂလိက ဆက်ဆံရေးများ) အရ အပြည်ပြည်ဆိုင်ရာ ဥပဒေအား *အများဆိုင်* ဟု မဆိုနိုင်တော့ပေ။ ရလာဒ်အားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေသည် အများဆိုင်ဖြစ်လာပြီး သို့မဟုတ် ပို၍တိတိကျကျဆိုရသော် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးဆွဲခြင်းဖြစ်စဉ်၏ တရားဝင်သဘောသဘာဝကိုယ်တိုင်သည် နိုင်ငံများကြား စာချုပ် များ သို့မဟုတ် နယ်မြေဖြတ်ကျော် ပုဂ္ဂလိကဆိုင်ရာ စည်းမျဉ်းပုံစံများ[5] နှင့် မတူသည့်အတွက် အပြည်ပြည် ဆိုင်ရာဥပဒေသည် ထိုကဲ့သို့သော အများဆိုင်ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ ရေးဆွဲခြင်းရှိ လူပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍကိုစဉ်းစားရာ၌ နိုင်ငံများက ၎င်းတို့၏တရားဝင်အရာရှိများမှတဆင့် ဥပဒေပြုလုပ် သောကိစ္စတွင် လူပုဂ္ဂိုလ်များသည် ထိုအရာရှိများအဖြစ်လည်းကောင်း၊ ဘဏ်လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စည်းရုံးသိမ်းသွင်းဦးဆောင်သူများ သို့မဟုတ် သဘာဝသယံဇာတဆိုင်ရာ ကုန်သည်များအဖြစ် သာမက ပြည်တွင်းအဆင့်လွန် နိုင်ငံသားများ သို့မဟုတ် ဥရောပသမဂ္ဂအတွင်းရှိ တာဝန်ခံကိုယ်စားလှယ်များ အဖြစ် လည်းကောင်း ပါဝင်နေကြသည်။[6] သို့ရာတွင် ပုဂ္ဂလိက စံနှုန်းများသည်လည်း ပြည်တွင်းဥပဒေ နယ်ပယ်အချို့ရှိ ကိုယ်ပိုင်စည်းမျဉ်းသတ်မှတ်ခြင်းယန္တရားများ၏ ဘုံ သွင်ပြင်လက္ခဏာတစ်ခု ဖြစ်သော်လည်း အချို့သော အမှုကိစ္စ များတွင် ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများ ဖြစ်ပေါ်စေရန် ဥပဒေမှ အပ်နှင်းထားသော ဆောင်ရွက်ချက်များ အဖြစ် သာ သတ်မှတ်သည်။[7]

## *(ခ) ကွဲပြားခြားနားချက်များ*

အပြည်ပြည်ဆိုင်ရာဥပဒေအား ယေဘုယျအားဖြင့် *ယေဘုယျ*အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အများနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေ (international law tout court) တို့အကြား ခွဲခြားနိုင်သည်။ မူသဘောတရားအရ ဥပဒေဆိုသည်မှာ အဓိပ္ပါယ်အားဖြင့်ဆိုလျှင် အပြန်အလှန်တာဝန်ဝတ္တရားများ နှင့် ဆန့်ကျင်ပြီး ၎င်း၏ ကိုယ်ပိုင်နယ်ပယ်တွင် အထွေထွေသဘောဖြစ်သည်။ ထို့ကြောင့် အရင်းအမြစ်များနှင့်မတူဘဲ ဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများအကြားတွင် ခြားနားချက်သည် တစ်ခုတည်းဖြစ်နိုင်သည်။ သီးခြားတာဝန်ရှိမှုတစ်ခု၏ ကိုယ်ပိုင် နယ်ပယ်သည် ဥပမာ တာဝန်ရှိမှုသည် အားလုံးနှင့်သက်ဆိုင်ခြင်း (*erga omnes* or *omnium)* ဖြစ်သည်ဆိုပါ လျှင် ၎င်းအရင်းအမြစ်များ၏ လုပ်ဆောင်မှုကို ရှာဖွေရန်မလိုအပ်တော့ပေ။ ရလာဒ်အနေဖြင့် အပြည်ပြည်ဆိုင် ရာဥပဒေ၏ အားလုံးနှင့် သက်ဆိုင်ခြင်းအား ဥပဒေဖြစ်ခြင်း၏ အရည်အသွေးတစ်ခုဖြစ်သည့် ၎င်း၏ ယေဘုယျ ဖြစ်မှုနှင့် မရှုပ်ထွေးသင့်ပါ။ အပြည်ပြည်ဆိုင်ရာဥပဒေသည် ဥပဒေစနစ်စံနှုန်းတစ်ခုချင်းစီ (ယေဘုယျဖြစ်မှု) မှ

[5] See e.g., Krisch, N. and Kingsbury, B., 'Introduction: Global Governance and Global Administrative Law in the International Legal Order', European Journal of International Law, 17/1 (2006), 1.

[6] Besson, S., 'Ubi lus, Ibi Civitas: A Republican Approach to the International Community' , in Besson, S., and Marti, J. L. (eds.), Legal Republicanism and Republican Law (Oxford: Oxford University Press, 2009), 204.

[7] On legal acts in international law, see section II. 2.b.

ချမှတ်ထားသော စည်းကမ်းချက်များနှင့် ပြည့်မီကြောင်း သတ်မှတ်ထားသည့် မရေမတွက်နိုင်လောက်သော ခေါင်းစဉ်များ အပေါ် ကျင့်သုံးနိုင်သည်။ ထို့ပြင် ၎င်း၏ ကိုယ်ပိုင်နယ်ပယ်အား အများနှင့်သက်ဆိုင်ခြင်း အနည်းအများ သတ်မှတ်ရာတွင် ဥပဒေစံနှုန်းတစ်ခုချင်းစီ၏ သဘောအတိုင်းပင်ဖြစ်သည်။ သို့သော် အပြည်ပြည်ဆိုင်ရာဥပဒေတွင် ခြားနားချက်ပြုလုပ်ရန် ခက်ခဲသည်၊ အဘယ့်ကြောင့်ဆိုသော် ပြည်တွင်းဥပဒေနှင့် မတူဘဲ စာချုပ်ဥပဒေကဲ့သို့ အချို့သောယေဘုယျဥပဒေအရင်းအမြစ်များသည် သာမာန်အားဖြင့် ယေဘုယျ မဟုတ်သော ဥပဒေစံနှုန်းများကို ဖြစ်စေခြင်းကြောင့်ဖြစ်သည်။[8]

ထို့ကြောင့် ပထမဦးစွာ ခြားနားချက်ဆိုရာတွင် ယေဘုယျအပြည်ပြည်ဆိုင်ရာဥပဒေသည် ဓလေ့ ထုံးတမ်းဥပဒေ သို့မဟုတ် ယေဘုယျမူသဘောတရားများကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ဥပဒေအကြောင်းအရာများအားလုံးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေအမျိုးအစားဖြစ်သည်။ အများနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေ (international law tout court) သည် သဘောတူစာချုပ်များစွာဖြင့် ဥပဒေပြုလုပ်ကြသူများတွင်သာ ကျင့်သုံးနိုင်သည်။ အမှန်တွင် သဘောတူစာချုပ်အားလုံးကို ယေဘုယျအပြည်ပြည်ဆိုင်ရာဥပဒေနယ်ပယ်မှ ဖယ်ထုတ်ထားခြင်းမဟုတ်ပေ။[9] သဘောတူစာချုပ်များစွာသည် ဥပဒေအကြောင်းအရာအားလုံးကို သတ်မှတ်ပေးသည်။ ကမ်းခြေရှိ နိုင်ငံများအတွက် ကျင့်သုံးနိုင်သော သဘောတူစာချုပ်များကဲ့သို့ တချို့သော နိုင်ငံများ အပေါ်၌သာ သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းများရှိစေကာမူ ထိုသဘောတူစာချုပ်များသည် ၎င်းတို့၏ သီးခြားကိုယ်ပိုင် နယ်ပယ်တွင် ယေဘုယျသဘောရှိနေကြသည်။ အမှန်တွင် နိုင်ငံများစွာပါဝင်သည့် သဘောတူစာချုပ်အချို့တွင် စာချုပ်ပြင်ပ ပုဂ္ဂိုလ် (Third party) ၏ သက်ရောက်မှုရှိခြင်း၊ ကမ္ဘာ့အစီအစဉ်သဘောတူစာချုပ်များ တိုးတက်လာခြင်း နှင့် နိုင်ငံများစွာပါဝင်သော သဘောတူစာချုပ်များပါ ပေးထားသောအပိုဒ်များကို "သင့်သလိုပြင်ဆင်ခြင်းများ" စသည်တို့ကို ဖော်ထုတ်ပြသခဲ့ပြီးနောက် ယေဘုယျနှင့် ယေဘုယျမဟုတ်သော သဘောတူစာချုပ်များအကြား ခြားနားခြင်းမှာ ပို၍ အငြင်းပွားဖွယ်ဖြစ်လာခဲ့သည်။[10]

ဒုတိယအမြင်တွင် အပြည်ပြည်ဆိုင်ရာဥပဒေအား *ယေဘုယျ* သဘောဖြင့် မှတ်ယူထားနိုင်ခြင်းဖြစ်သည်။ ၎င်းသည် သီးခြားအထူးနယ်ပယ်များမှ ပေါ်ထွက်လာသော သီးသန့်အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဆန့်ကျင်သည်။[11] ဤနေရာတွင် ခြားနားချက်မှာ ကိုယ်ပိုင်နယ်ပယ်တစ်ခု (ချည်းသက်သက်) မဟုတ်ဘဲ အရေးပါသော နယ်ပယ်များစွာထဲမှ တစ်ခုဖြစ်ကာ အငြင်းပွားနေဆဲ ဥပဒေစံနှုန်းများ၏ သီးခြားဖြစ်မှုကို ပိုမိုသေချာစေသည်။ အရေးပါသော နယ်ပယ်များသည် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်းဥပဒေကဲ့သို့ ဥပဒေလုပ်ဆောင်မှုနယ်ပယ်တစ်ခုကို သတ်မှတ်ပေးနိုင်သည် သို့မဟုတ် EU ဥပဒေကဲ့သို့ သီးခြားနယ်မြေတစ်ခုကိုလည်း သတ်မှတ်ပေးနိုင်သည်။ အပြည်ပြည် ဆိုင်ရာ တာဝန်ရှိမှု နယ်ပယ် သို့မဟုတ် သဘောတူစာချုပ်ပြုလုပ်သော လုပ်ငန်းစဉ်များကဲ့သို့သော အပြည်ပြည် ဆိုင်ရာ နယ်ပယ်များအားလုံးနှင့် သက်ဆိုင်သော ယေဘုယျ နယ်ပယ်တစ်ခုကို အခြေခံအဖြစ် အဆင့်ဆင့် ပေါင်းစည်းခြင်း ပြုလုပ်သည့်အပေါ် ခြားနားချက်ကို အပြင်းအထန် ထောက်ပြခဲ့သည်။[12] အမှန်ဆိုရသော် တစ်စုံတစ်ဦးမှ သီးခြားအထူးနယ်ပယ်များသည်လည်း ပြည်တွင်းဥပဒေရှိ သီးသန့်အရေးကြီးသော နယ်ပယ်များနှင့် ကွဲပြားမှုမရှိကြောင်း ချေပနိုင်သည်။ ၎င်းသီးခြားအထူးနယ်ပယ်များသည် ကိုယ်ပိုင်ဥပဒေစနစ်များ ရှိသည်မဟုတ်ဘဲ နယ်နိမိတ်အရ

[8] Higgins, R., *Problems* ce *Process: International Law and How Vl'e* l'se *It* (.1bove, n. 11, *33.*

[9] D'Amato, A., *The Concept of Custom* 111 *International Law* l]thaca: Cornell University Press, 1971.1, I05-7

[10] See Simma, B., 'From Bilaieralism to Community Interest in International Law', *Recueil des wurs,* 250 1.I994), 2I7; Pauwelyn, )., *Conflict o( Nonns in PL<blic International Law* ICambridge: Cambridge UninrsitY Press. 2003). I55-7.

[11] Sec on those and other international legal regimes, Simma, B., 'Self-Contained Regimes', *]|'ethcrlands rear/wok of International Law,* I6 II985), III: Simma, B., and Pulkowski, D., 'Of Planets and the Uniwrse: Self- Contained Regimes in International Law', *European journal of lntemational Law, 1713* 1.2006), 483.

[12] See International Law Commission, *Report on Fragmentation of international law: diffiwlties arising from the diversification and expansion o(111ternotionallaw,* 13 Apr. 2006. l'N/DOC/A/CJ\.4/L.682.

သို့မဟုတ် ကျင့်သုံးမှုအကြောင်းအရာ သီးသန့်ဖြစ်မှုတို့အရ သတ်မှတ်ထားသော သီးသန့်ဥပဒေဆိုင်ရာ စံနှုန်းအုပ်စုများသာဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့ရလိမ့်မည်ဖြစ်သည်။ ခြွင်းချက်အားဖြင့် EU ဥပဒေသည် သီးခြားနယ်ပယ်ဖြစ်ရုံသာမက ကိုယ်ပိုင်ထည့်သွင်းထားသော လွတ်လပ်သည့် ဥပဒေစနစ်ရှိသည်ဟု ဆိုနိုင်သည်။

## ၂။ အများဆိုင်အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များ

### *(က) အယူအဆသဘောထား*

ဥပဒေအရင်းအမြစ်များသည် တရားဝင်ခိုင်မာသောဥပဒေစံနှုန်းများ သတ်မှတ်ခြင်း၊ ပြင်ဆင်နှင့် ပယ်ဖျက်ခြင်းတို့ပြုလုပ်နိုင် သည့် နည်းလမ်းများကို ဖြစ်စေသည့် အချက်အလက်အားလုံး သို့မဟုတ် အဖြစ်အပျက်အားလုံးကို ဆိုလိုသည်။[13] အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ နှင့် ပယ်ဖျက်ခြင်းများဆိုင်ရာ *ဖြစ်စဉ်များ*ပါဝင်သည်သာမက ထိုစံနှုန်းများ၏ စံသတ်မှတ်ချက်ရလာဒ်များ ဆိုလိုသည်မှာ တရားဝင်ခိုင်မာမှုရှိသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများ တွေ့ရှိသည့် *နေရာများ* ပါဝင်သည်ဟုလည်း ညွှန်းဆိုနိုင်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေ၏ *တရားဝင်နည်းလမ်းတကျ (formal)* အရင်းအမြစ်များနှင့် *အကြောင်းအရာ* (*material)* အခြေပြု အရင်းအမြစ်များ အကြားရှိ ပထမဦးဆုံးသောခြားနားချက်ကို ထုတ်နှုတ်သင့်ပါသည်။ အကြောင်းအရာ အခြေပြုအရင်းအမြစ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေပါ အကြောင်းအရာများ ဖြစ်လာစေသည့် ကိုယ်ကျင့်တရားဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ ဖြစ်စဉ်များ (ဥပမာ - အင်အား ပြိုင်ဆိုင်မှု၊ ယဉ်ကျေးမှုပဋိပက္ခများ၊ အတွေးအခေါ်ဆိုင်ရာ တင်းမာမှုများကဲ့သို့) ဖြစ်စဉ်များအားလုံးပါဝင်ပြီး တရားဝင်နည်းလမ်းတကျအရင်းအမြစ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေပါ အကြောင်းအရာများသတ်မှတ်ပြီးနောက် ဥပဒေဖြစ်လာစေရန်ပြုပြင်မွမ်းမံခြင်း (ဥပမာ- ဥပဒေပြုလုပ် ပြဋ္ဌာန်းခြင်း) များ သာမာန်အားဖြင့်ပါဝင်သည်။ ဒုတိယ ခြားနားချက်မှာအပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဝင်နည်းလမ်းတကျ အရင်းအမြစ်များ၏ တင်းကျပ်သောသဘောအရ ၎င်းတို့အား *အစမ်းသုံး* (probationary) အရင်းအမြစ်များ (ဆိုလိုသည်မှာ ဥပဒေပြုလုပ်သော လုပ်ငန်းစဉ်မှ ပေါ်ထွက်လာသည့်အထောက်အထားရရှိနိုင်သည့် နေရာများ) တို့နှင့် သီးခြားထားရှိသင့်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေပြုလုပ်ခြင်းလုပ်ငန်းစဉ်အားလုံးသည် ၎င်းတို့၏ ရလာဒ်ကို အထောက်အထားပြုထားသည့် စာရွက်စာတမ်းတစ်ခုတည်းမှ ပေါ်ပေါက်လာခြင်း မဟုတ်သည်ဖြစ်ရာ ဥပဒေပြုလုပ်သော လုပ်ငန်းစဉ်မှ ထုတ်ပြန်ထားသောစာရွက်စာတမ်းများအား ဥပဒေပြုလုပ်သောလုပ်ငန်းစဉ်၏ရလာဒ်များနှင့်သီးခြားခွဲခြားထားသည့်ကိစ္စမှာ အရေးကြီးလှသည်။ တကယ်တော့ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အကြောင်းအရာအခြေပြုအရင်းအမြစ်များနှင့် အစမ်းသုံးအရင်းအမြစ်များအား တရားဝင်နည်းလမ်းတကျအရင်းအမြစ်များနှင့် ခွဲခြားထားခြင်းသည် အတုအယောင် သဘောမျိုး မကြာခဏဆိုသလို ဖြစ်လာသည်။ ဥပမာအားဖြင့် ဓလေ့ထုံးစံမှ တရားဝင်နည်းလမ်းတကျအရင်းတစ်ခု ဖြစ်လာသည့်ကိစ္စတွင် ၎င်းအရင်းအမြစ်အား အဆိုပါဓလေ့ထုံးတမ်းဆိုင်ရာ စံနှုန်းများ၏ အကြောင်းအရာအခြေပြု အရင်းအမြစ်များ (ဆိုလိုသည်မှာ ကျင့်သုံးပုံ သို့မဟုတ် ဓလေ့ထုံးစံ)ထံမှ ခွဲခြားနိုင်ရန် ခက်ခဲနိုင်သလို ဥပမာဥပဒေပညာရှင်များ၏ ထင်မြင်ယူဆချက်များ သို့မဟုတ် လက်ရှိအကျယ်တပြန့်ကျင့်သုံးနေသော အလေ့အကျင့်

[13] *See* Marmor, A., 'The J\ature of Law', in Zalta, E. N. (ed.), *Stanford Encyclopedia of Philosophy* (Stanford: Stanford l'niversity, Winter 2007 edn.1, <http://plato.stanford.edu>; Green, L., 'Legal Positivism', in Zalta, E. N. (ed.J, *Stanford Encyclopedia a( Philosophy* (Stanford: Stanford Universit1·, Winter 2003 edn.), <http:i/plato.stanford.edu>.

တစ်ခုကို သက်သေခံနေသည့် (UN) အထွေထွေညီလာခံဆုံးဖြတ်ချက်ကဲ့သို့ အစမ်းခန့် အရင်းအမြစ်များထံမှလည်း ခွဲခြားနိုင်ရန် ခက်ခဲပေသည်။[14]

အပြည်ပြည်ဆိုင်ရာ ဥပဒေပြုလုပ်ခြင်းလုပ်ငန်းစဉ်များသည် ဥပဒေစံနှုန်းများ (တည်ဆဲဥပဒေ - Lex lata) ကို ပြီးပြည့်စုံစေနိုင်သည်သာမက ဥပဒေစီမံချက်များ (နောင်ဖြစ်လာနိုင်မည့် ဥပဒေ - lex ferenda)[15] ကဲ့သို့သော ကြားကာလ ရလာဒ်များကို ဖြစ်ပေါ်စေနိုင်သည်။ အဆိုပါ ရလာဒ်နှစ်ခုစလုံးတွင် တူညီသော အရင်းအမြစ်များ ရှိကြပြီး တူညီသော ဥပဒေပြုလုပ်ခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တပိုင်းလည်းဖြစ်ကြသည်။ ကြားကလာ ဥပဒေ ထုတ်ကုန်/ရလာဒ်များသည် ၎င်းတို့အနေဖြင့် တရားဝင်ဥပဒေစံနှုန်းများ မဖြစ်စေနိုင်သေးသော်လည်း နောင်လာမည့် ဥပဒေ ပြုလုပ်သောလုပ်ငန်းစဉ်အတွက် တိကျသည့်အထောက်အထားတန်ဖိုးကို ပေးနိုင်သည်။ ထို့ကြောင့် UN ၏ စည်းနှောင်မှုမရှိသော ဆုံးဖြတ်ချက်များသည် နိုင်ငံများ၏ ကျင့်သုံးပုံနှင့် ဓလေ့ထုံးတမ်းစံနှုန်းတစ်ခု နောက်ဆုံး ဖွံ့ဖြိုးလာစေရန် အထောက်အပံ့ဖြစ်စေနိုင်သည့် ဥပဒေပညာရှင်များ၏ ထင်မြင်ယူဆချက်များအတွက် ထိုအစည်းအဝေးဆုံးဖြတ်ချက်များမှာ ပံ့ပိုးပေးနိုင်သည်။ ဤသည်မှာ စည်းနှောင်မှုအားပျော့သောဥပဒေအား တည်ဆဲဥပဒေ (Lex lata) ဟု တခါတရံတွင် ရည်ညွှန်းကြသော်လည်း တရားဝင်ဥပဒေစံနှုန်းဖြစ်လာရန် ၎င်း၏ စံသတ်မှတ်ချက် အဆင့်မှာအလွန်နိမ့်နေသည်ဖြစ်ရာ[16] ခိုင်မာအားကောင်းသောဥပဒေနှင့် စည်းနှောင်မှုအားပျော့သောဥပဒေအကြား ခြားနားချက်သည်ဟုဆိုနိုင်ခြင်းဖြစ်သည်။[17] အပြည်ပြည်ဆိုင်ရာဥပဒေပြုလုပ်ခြင်းဖြစ်စဉ်များ အများအပြား ရှိသည်ဖြစ်ရာ ထိုကဲ့သို့ ကြားကာလ သို့မဟုတ် တိုးပွားလာသော ဥပဒေထုတ်ကုန်များ/ရလာဒ်များသည် အရေးအတွက် အရလည်းကောင်း၊ အရည်အသွေးအရလည်းကောင်း အရေးပါမှုရှိလာခြင်းမှာ မထူးဆန်းနိုင်ပေ။ အပြည်ပြည်ဆိုင်ရာ ဥပဒေကျင့်သုံးပုံတွင် ဥပဒေမဖြစ်သည့်အရာမှ ဥပဒေဖြစ်လာစေနိုင်သော လမ်းကြောင်းရှင်းရှင်းလင်းလင်း မရှိသည်ကို အများက စိတ်မကောင်းဖြစ်နေသော်လည်း စည်းနှောင်မှုအားပျော့သောဥပဒေသည် စံနှုန်းများအား ညှိနှိုင်းဆောင်ရွက်ခြင်း၏ အသုံးဝင်သော အရင်းအမြစ်တစ်ခုအဖြစ် အထောက်အကူဖြစ်စေသည်။ ပို၍အရေးကြီးသည့်အချက်မှာ စည်းနှောင်မှု အားပျော့သော ဥပဒေပြုလုပ်ခြင်းလုပ်ငန်းစဉ်များသည် များသောအားဖြင့် အခြားလုပ်ငန်းစဉ်များထက် နိုင်ငံများစွာပါဝင်မှုနှင့် အကျုံးဝင်မှုပိုသည်ဖြစ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းထက် ပို၍ ရှုပ်ထွေးမှုရှိခြင်းဖြစ်သည်။

### *(ခ) ကွဲပြားခြားနားချက်များ*

အပြည်ပြည်ဆိုင်ရာ ဥပဒေပြုလုပ်ခြင်းလုပ်ငန်းစဉ်များအား ၎င်းတို့၏ရလာဒ်များဖြစ်သည့် အမျိုးအစားများစွာသော အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် ခွဲခြားထားသင့်သည်။ အချို့သော အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများအား ကွဲပြားသော အရင်းအမြစ်များတွင် တွေ့နိုင်ပြီး ကနဦးအစ အရင်းအမြစ်တစ်ခုသာလျှင် စံနှုန်းကို ဖြစ်စေနိုင်ပြီး အခြားနောက်ထပ်အရင်းအမြစ်များအား အခြားပုဂ္ဂလိက သို့မဟုတ် အကြောင်းအရာနယ်ပယ်တွင် အသုံးပြုနိုင်မည့် စံနှုန်းအဖြစ်သို့ ပြင်ဆင်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်များ ပြုလုပ်ကြသည်။ ရလာဒ်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များအား ၎င်းတို့၏ ပုဂ္ဂလိကနယ်ပယ်အလိုက်သော်လည်းကောင်း၊ စံသတ်မှတ်မှု အဆင့်အလိုက်သော်လည်းကောင်း ရရှိလာသော ရလာဒ်တို့နှင့် ခွဲခြားထားသင့်ပေသည်။ ထို့ကြောင့်

---

[14] ICJ, Advisory opinion, *Legality of the Threat or Use of Nuclear Weapons* (!C) Reports 1996), 226, 254-5.

[15] Brownlie, I., 'To what extent are the traditional categories of lex lata and lex ferenda still viable?', in Cassese, A., and Weiler,). (eds.), *Change and Stability in International Law-}v[aking* (Leyden: De Gruyter, 1988), 66, 8l.

[16] See the .discussion in Cassese, *A.* and Weiler,). (eds.l, *International Law-,'Vfaking* [above, n. *2),* 66 ff.; Boyle, A. and Chin kin, C., *The :vfaking of International Law* (above, n. 4), 211-29.

[17] See e.g. Abi-Saab, G., 'Eloge du 'droit assourdi': Quelques retlexions sur le role de Ia soft law en droit international contemporain', in Abi-Saab, G. red.), *Nouveaux itineraires en droit: Hommage a Fran ois Rigaux*(Brussels: Bruvlant, 1993), 59

စည်းနှောင်မှုအားပျော့သောဥပဒေများသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များမဟုတ်ဟုဆိုသော မကြာခဏဖတ်မိသည်များနှင့် မတူဘဲ ထိုဥပဒေများသည် ကြားကာလ အပြည်ပြည်ဆိုင်ရာ ဥပဒေရလာဒ် အမျိုးအစားများဖြစ်ကာ ၎င်းတို့၏ ဥပဒေနှင့်ညီညွတ်ခြင်းကို စစ်ဆေးရမည်ဖြစ်ပြီးရာ ထို့ကြောင့်ပင်လျှင် ဥပဒေမှတဆင့် စံသတ်မှတ်ခြင်းများလည်း မရှိနိုင်သေးခြင်းဖြစ်သည်။ စည်းနှောင်မှုအားပျော့သောဥပဒေများသည် များစွာသော အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များမှ ပေါ်ထွက်လာနိုင်ပြီး တစ်ဦးတည်း/တစ်နိုင်တည်း လုပ်ဆောင်ချက်မှ ထွက်ပေါ်လာခြင်းမျိုး မဟုတ်ပေ။ အလားတူပင် အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များစွာတွင် တွေ့ရှိနိုင်သော်လည်း စံသတ်မှတ်မှုအဆင့် အမြင့်ဆုံးဖြစ်သည့် မလိုက်နာမနေရ စံ (*jus cogens*) သဘောရှိသည့် အရင်းအမြစ်တစ်ခုလည်း မဟုတ်ပေ။

ဒုတိယအချက်အနေဖြင့် အကယ်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများအား ၎င်းတို့၏ အရင်းအမြစ်များနှင့် ခွဲခြားထားသင့်ပါလျှင် ဥပဒေရေးရာတာဝန်ဝတ္တရားများကိုလည်း ဥပဒေစံနှုန်းများနှင့် ခွဲခြားထားသင့်ပေသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများသည် ယေဘုယျသက်သက်သဘောရှိသည့် ဥပဒေရေးရာတာဝန်ဝတ္တရားများကို ဖြစ်ပေါ်စေသည်။ သို့သော် အားလုံးသော အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများသည် ဥပဒေစံနှုန်းများမှ ပေါ်ထွက်လာသည် မဟုတ်ပေ။ ဥပမာ အထွေထွေတာဝန်ဝတ္တရားနှင့် လုံးဝ မသက်ဆိုင်သော သီးခြားအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ အချို့သော ဆက်စပ်တာဝန်ဝတ္တရားများသည် ပေါ်ပေါက်လာနိုင်သည်။ သို့ရာတွင် မှုသဘောအရပြောရမည်ဆိုပါက သဘောတူစာချုပ်များအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များအားလုံးသည် ပြည်တွင်းဥပဒေ၏ အရင်းအမြစ်ကဲ့သို့ပင် ဥပဒေစံနှုန်းများ ဖြစ်ပေါ်စေသင့်ပြီး ထို့နောက်တွင် ဥပဒေရေးရာ တာဝန်ဝတ္တရားများကိုလည်း သတ်မှတ်ပေးသင့်သည်။ ဤသဘောတရားသည် သဘောတူစာချုပ်တိုင်းအတွက် မမှန်ကန်ပေ။ ဥပဒေပြုခြင်းကဲ့သို့ သဘောတူစာချုပ်များသည် ယေဘုယျတာဝန်ဝတ္တရားများကို သတ်မှတ်ပေးနိုင်ပြီး ပဋိညာဉ်ပြုခြင်းသကဲ့သို့ သဘောတူစာချုပ်များသည် သက်ဆိုင်မှုရှိပြီး အပြန်အလှန်သဘောရှိသည့် တာဝန်ဝတ္တရားများကိုသာ သတ်မှတ်ပေးနိုင်သည်။[18]

နောက်ဆုံးအချက်အနေဖြင့် တစ်ခါတစ်ရံတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်း နှင့် ၎င်း၏အရင်းအမြစ်အကြားရှိ ကြားခံအလွှာတစ်ခုအကြောင်းဖော်ပြချက်ကို တွေ့နိုင်သည်။ ထိုအလွှာသည် ဥပဒေရေးရာ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးသည့် ဥပဒေဆိုင်ရာ လုပ်ဆောင်မှု တစ်ခုဖြစ်သည်။ ဤကြားခံအဆင့်တွင် အခက်အခဲ (၂) ရပ်ရှိသည်။ ပထမအခက်အခဲမှာ ၎င်းသည် သဘောတူညီမှုဖလှယ်ခြင်းဖြင့် ပြုလုပ်သည့် သဘောတူစာချုပ်ပြုလုပ်သော လုပ်ငန်းစဉ်များနှင့်အတူ ကိုယ်ပိုင်သဘောအရ သို့မဟုတ် ပုဂ္ဂလိကစီဥ္စာနက်ကျကျ အပြည်ပြည်ဆိုင်ရာ အရင်းအမြစ်များတွင်သာ တည်ရှိနေခြင်းဖြစ်သည်။ ဒုတိယအခက်အခဲမှာ ၎င်းသည် အရင်းအမြစ်တစ်ခုနှင့် ပတ်သက်သော ယခင်ရှိနေပြီးသား မေးခွန်းအပေါ် ၎င်းကိုယ်တိုင် မေးစရာဖြစ်နေခြင်းဖြစ်သည်။[19] အမှန်တွင်မူ အကယ်၍ သဘောတူညီမှုဖလှယ်ခြင်းသည် ယေဘုယျ ဥပဒေရေးရာ တာဝန်ဝတ္တရားကို ဖန်တီးစေနိုင်သည်ဆိုလျှင် ၎င်းမှာ သဘောတူစာချုပ်ပြုလုပ်ခြင်းကိုယ်တိုင်သည် ယေဘုယျအပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်တစ်ခုဖြစ်နေခြင်းကြောင့်သာဖြစ်ပေမည်။ ပြဿနာမှာ ပြည်တွင်းဥပဒေရှိ ပဋိညာဉ်စာချုပ်များနှင့်ဆန့်ကျင်ပြီး အချို့သော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များသည် ၎င်းတို့၏ တင်းကျပ်သော သဘောသဘာဝအရ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များဖြစ်နိုင်သော်လည်း အခြားသဘောတူစာချုပ်များမှာမူ ဥပဒေ ဆောင်ရွက်များသာဖြစ်ပြီး ယေဘုယျ ဥပဒေရေးရာ တာဝန်ဝတ္တရားများ သတ်မှတ်မပေးနိုင်ခြင်းဖြစ်သည်။

---

[18] D Amato, A., The Concept of Custom in International Law, above, n. 9. 161

[19] Abi-Saab, G., Les sources du droit international; Un essai de déconstruction , in Boutros- Ghali. B. 'ed., Liber Amicerum Fernando Jiménez de Aréchaga, Montevideo: Fundación de Cultura Universitaria, 1994, 29. 40 -1.

# ၃။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များ၊ နှင့် ဥပဒေနှင့် ညီညွတ်မှု၊ စံသတ်မှတ်မှု နှင့် တရားဝင်ဖြစ်မှု

## ၁။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များနှင့် ၎င်း၏ ဥပဒေနှင့် ညီညွတ်မှု (Legality)

*(က)။ တရားဥပဒေနှင့် ညီညွတ်မှု နှင့် အပြည်ပြည်ဆိုင်ရာဥပဒေ*

တရားဥပဒေနှင့်ညီညွတ်မှုသည် အခြားလူမှုဆိုင်ရာ စံနှုန်းများနှင့် မတူဘဲ ဥပဒေဆိုင်ရာ စံနှုန်းများ၏ စံနှုန်းပြု အရည်အသွေးတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ယေဘုယျအားဖြင့် ဥပဒေစနစ်တစ်ခု၏ အရည်အသွေးသည် အခြားသော လူမှုစနစ်များ၏ အရည်အသွေးနှင့် မတူညီပေ။

ဤနေရာတွင် ပိုမိုအားကောင်းပြီး ခိုင်မာသောအမြင်ဖြင့်ဆိုရလျှင် တရားဥပဒေနှင့် ညီညွတ်ခြင်းသည် နိုင်ငံရေးစံနမူနာဖြစ်သည့် *တရားဥပဒေစိုးမိုးရေး*နှင့် စပ်ဆက်နေလေ့ရှိသည်။ လူမှုအဖွဲ့အစည်းတစ်ခုကို အခြားသော စနစ်များနှင့်မတူဘဲ ဥပဒေစနစ်တစ်ခုရှိသည့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းဆိုသည်မှာ ထိုအဖွဲ့အစည်းအား တရားဥပဒေစိုးမိုးရေးနှင့် ဆက်စပ်နေသော လိုအပ်ချက်အချို့ သို့မဟုတ် လိုအပ်ချက် အားလုံးကို ကျေနပ်မှုရှိစေသည့် လူ့အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ဖော်ထုတ်ရန် ဖြစ်သည်။[20] တရားဥပဒေစိုးမိုးရေးကို အစိုးရတစ်ရပ်၏ ကောင်းမွန်စွာလည်ပတ်နေသော စနစ်တစ်ခု၏ သွင်ပြင်လက္ခဏာရပ်များဖြင့် သတ်မှတ်နိုင်သည်၊ ၎င်းတို့တွင် ဥပမာအားဖြင့် ပြည်သူ့အုပ်ချုပ်ရေးရှိ လူသိရှင်ကြားရှိမှုနှင့် ပွင့်လင်းမြင်သာမှု၊ လူမှုအဖွဲ့အစည်းအတွင်း သက်ရောက်သော စံနှုန်းများ၏ ယေဘုယျဖြစ်မှုနှင့် အလားအလာရှိမှု၊ ထိုစံနှုန်းများက ပုံဖော်ပေးမည့် လူမှုအသိုက်အဝန်းပတ်ဝန်းကျင်၏ လားရာခန့်မှန်းနိုင်မှု၊ အုပ်ချုပ်မှုတွင် ပါဝင်သော ဖြစ်စဉ်များ၏ တရားမျှတမှု၊ တရားရေးမဏ္ဍိုင်၏ အမှီအခိုကင်းမှုနှင့် လာဘ်မစျှော်ကိုးမှု အစရှိသည်တို့ ပါဝင်သည်။ ပို၍ တိတိကျကျဖော်ပြရသော် တရားဥပဒေစိုးမိုးရေးအား လူမှုအသိုင်းအဝိုင်းတစ်ခုဖြင့် ဖော်ထုတ်နိုင်ပြီး ထိုလူမှုအသိုင်းအဝိုင်း၌ အာဏာလက်ဝယ်ရှိသူများသည် ဥပဒေအား ၎င်းတို့ကိုယ်တိုင်နှစ်သက်သည့်နည်းလမ်း၊ ကိုယ်ပိုင်အတွေးအခေါ် သို့မဟုတ် ပုဂ္ဂလိကမှန်/မှား ခံယူချက်များကို အခြေပြုကာ ကျင့်သုံးခြင်းထက် ပြည်သူ့စည်းမျဉ်း ကန့်သတ်မှုဘောင်အတွင်းမှသာ အာဏာကျင့်သုံးခြင်းဖြစ်သည်။

ရလာဒ်အားဖြင့် တရားဥပဒေနှင့်ညီညွတ်မှုသည် ဥပဒေအရင်းအမြစ်များ၏ အရည်အသွေးနှင့်လည်း သက်ဆိုင် သောကိစ္စရပ် ဖြစ်ပါသည်။ တရားဝင်ဥပဒေစံနှုန်းများ ဖော်ထုတ်သတ်မှတ်နိုင်သည့် ဥပဒေရေးဆွဲရေး ဖြစ်စဉ်များ ကိုယ်တိုင်သည် တရားဥပဒေစိုးမိုးရေးနှင့် ဆက်စပ်နေသည့် လိုအပ်ချက်များနှင့် ကိုက်ညီသင့်ပေသည်။ အလားတူပင် အပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဥပဒေနှင့် ညီညွတ်မှုကိုလည်း ထိုကဲ့သို့ ပြောနိုင်ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေရေးဆွဲရေး ဖြစ်စဉ်များသည် *အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးရေး*နှင့် ဆက်စပ်သော လိုအပ်ချက်များ အထူးသဖြင့် ရှင်းလင်းပြတ်သားခြင်း၊ လူသိရှင်ကြားဖော်ထုတ်နိုင်ခြင်း၊ တိကျသေချာခြင်း၊ တန်းတူညီမျှခြင်း၊ ပွင့်လင်းမြင်သာခြင်း၊ တရားမျှတခြင်းတို့နှင့် ညီညွတ်သင့်ပါသည်။[21]

*(ခ)။ အပြည်ပြည်ဆိုင်ရာ ဥပဒေညီညွတ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များ*

အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးရေး၏ အဝန်းအဝိုင်းကို သတ်မှတ်ရာတွင် ပြည်တွင်းအဆင့်ထက် လျော့နည်းနိုင်သည်။ ထိုသို့ဖြစ်ရခြင်း၏ မူလအကြောင်းရင်းမှာ အဓိကကျသော အပြည်ပြည်ဆိုင်ရာဥပဒေ ပြုလုပ်သူများသည်

[20] Simmonds, N. E., 'Law as a Moral Ideal', University of Toronto Law Journal, 55 (2005, 61; Waldron, J., 'The Concept and Rule of Law' , Georgia Law Review, 43:1 (2008), 1.

[21] See e.g. Watts, A., 'The International Rule of Law', German Yearbook of International Law, 36 (1993), 15; Teitel, R., 'Humanity's Law: Rule of Law for the New Global Politics', Cornell International

နိုင်ငံများဖြစ်ခြင်းကြောင့် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအဆင့်ရှိ စံထားရမှုတွင် အခိုင်အမာ မငြင်းဆိုနိုင်သည့် အချက်တစ်ခုမှာ ထိုဥပဒေများ၏ ကနဦးအစ ဥပဒေပြုသူများသည် သွယ်ဝိုက်၍သော်လည်းကောင်း၊ ထပ်တိုးအား ဖြင့် တိုက်ရိုက်သော်လည်းကောင်း လူပုဂ္ဂိုလ်များဖြစ်နေကြသည်ဟူသည့် အချက်ဖြစ်ရာ ထိုအချက်ကို ဖုံးကွယ် မထားသင့်ပါ။ နိုင်ငံများက ဥပဒေပြုသူများအဖြစ် ဆောင်ရွက်သည့်အခါ ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာဥပဒေ ပြုလုပ်သူများအဖြစ်သာမက တရားဝင်(စောင့်ကြည့်သူ)အရာရှိများအနေဖြင့်ပါ ဆောင်ရွက်ကြသည်။[22] အကျိုး ဆက်အနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေရှိ ထိုစံထားရမှုအပေါ် သက်သေထူမရှင်းလင်းရန် အကြောင်းရင်း မရှိတော့ပေ။[23]

အချို့သော စာရေးသူများ[24] မှ “တရားမဝင်သော အပြည်ပြည်ဆိုင်ရာဥပဒေ အတွေးအခေါ်သည် အပြည် ပြည်ဆိုင်ရာဥပဒေရှိ ဥပဒေနှင့် ညီညွတ်သည့်တန်ဖိုးအပေါ် အဘယ့်ကြောင့် လုံလုံလောက်လောက် အလေးမထား နိုင်သနည်း?၊ ထို့ကြောင့် ဥပဒေပြုဖြစ်စဉ်များတွင် သတ်မှတ်ထားသော စံနှုန်းတန်ဖိုးလိုအပ်ချက်များ ဖြစ်စေ နိုင်သည်” ဟု ထုတ်ဖော်တင်ပြထားချက်အား အပြည်ပြည်ဆိုင်ရာဥပဒေစိုးမိုးရေးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ အရည်အသွေးအကြား ဆက်စပ်ပုံမှ ရှင်းပြထားသည်။

အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဥပဒေနှင့်လွန်စွာညီညွတ်မှုရှိခြင်း၏ ရှိရင်းစွဲ ဤစံနှုန်းလိုအပ်ချက်များသည် _ ၎င်း၏ ကျင့်ထုံးဆိုင်ရာ တရားဝင်ဖြစ်တည်မှု သို့မဟုတ် ထိရောက်သော တရားဝင်ဖြစ်တည်မှုတို့နှင့် ဆက်နွယ်ပြီး အတူတကွတည်ရှိနေသလို ဆန့်ကျင်စွာ တည်ရှိနေကြသည် _ အပြည်ပြည်ဆိုင်ရာဥပဒေ တရားမဝင်ရေးဆွဲမှု အတွက် ကိစ္စရပ်သည် မည်မျှအရေးကြီးစေကာမူ တန်ပြန်တိုက်ထုတ်မှုကို ရလာလိမ့်မည် ဖြစ်သည်။[25] ရေရှည်တွင်မူ အပြည်ပြည်ဆိုင်ရာဥပဒေ မျက်မှောက်အခြေအနေများတိုင် ထိုသို့သော တရားမဝင်ရေးဆွဲမှု ပုံစံများ ပေါ်ပေါက်မှုရှိသော်လည်း အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ဥပဒေပြုလုပ်သော လုပ်ငန်းစဉ်များသည် အပြည်ပြည် ဆိုင်ရာဥပဒေစိုးမိုးရေး၏ ရှိရင်းစွဲတန်ဖိုးများစွာကို ထင်ဟပ်စေခဲ့ပါလျှင် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဥပဒေနှင့် ညီညွတ်မှုသဘောသည် ၎င်းကိုယ်တိုင် တစုတစည်းတည်း ပေါင်းစုသွားနိုင်လိမ့်မည်ဖြစ်သည်။

## ၂။ အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များနှင့် ၎င်း၏ စံသတ်မှတ်မှု

### *(က) အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ညီညွတ်ခြင်းနှင့် စံသတ်မှတ်မှု*

[22] On states (and groups of states) and individuals (and groups of individuals) qua members of the international community and on the decoupling of national from popular sovereignty in certain cases, see Besson, S., ‘Ubi Ius Ibi Civitas’ (above, n.6).

[23] See Waldron, J., ‘The Rule of International Law’, Harvard Journal of Law and Public Policy, 30/1 (2006), 15, 24-6.

[24] See e.g. Buchanan. A., ‘From Nuremberg to Kosovo: The Morality of Illegal International Law, Ethics, 111/4 (2001), 673, 680; Goodin, R., ‘Toward an International Rule of Law: Distinguishing International Law-Breakers from Would-Be Law-Makers’, Journal of Ethics, 9 (2005), 225.

[25] This does not exclude possibility of civil disobedience to international law, which can sometimes be justified qua ultima ratio on grounds of justice (i) and provided the legal and democratic channels of deliberation have been exhausted (ii): see Besson, S., The Morality of Conflict (Oxford: Hart Publishing, 2005) ch. 14.

ဥပဒေဆိုင်ရာ စံသတ်မှတ်မှုသည် အာဏာသက်ဝင်ခြင်းအပေါ် ဥပဒေ၏ တောင်းဆိုမှုနှင့် ဆက်စပ်နေသည်၊ ဆိုလိုသည်မှာ ဥပဒေသည် စည်းနှောင်မှု ရှိသောဥပဒေစံနှုန်းများမှတဆင့် ကနဦး (prima facie) အကြောင်းပြချက်များမှအပ ခွင်းချက်ထား လုပ်ဆောင်ရန်အတွက် ဥပဒေပြုလုပ်သူများ သတ်မှတ်နိုင်ရန် တောင်းဆိုခြင်းဖြစ်သည်၊ သို့မဟုတ် တစ်နည်းအားဖြင့်ဆိုသော် မူသဘောအရ လုပ်ဆောင်ရန်အတွက် ပြန်လည်ငြင်းဆိုနိုင်သည့် အကြောင်းပြချက်အချို့ကို ဖယ်ထုတ်ထားပြီးသည့် ဥပဒေအား လေးစားလိုက်နာရန် တာဝန်ဝတ္တရားများ သတ်မှတ်ရန် တောင်းဆိုခြင်း ဖြစ်သည်။[26]

အပြည်ပြည်ဆိုင်ရာဥပဒေ၏ စံနှုန်းသတ်မှတ်မှုတွင်လည်း အလားတူပင် ပြောနိုင်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် ၎င်း၏ ပြုလုပ်သူများဖြစ်သည့် နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များကို ကနဦး (prima facie) အကြောင်းပြချက်များမှအပ ဆောင်ရွက်ချက်အတွက် ခွင်းချက်ပေးရန် တောင်းဆိုထားသည်။ အမှန်စင်စစ် ဤတောင်းဆိုချက်များသည် ပြုလုပ်သူအလိုက် ကွဲလွဲမှုရှိနိုင်သည်၊ လူပုဂ္ဂိုလ်များနှင့် စုပေါင်းကိုယ်စားပြုသူများသည် တူညီသောအကြောင်းပြချက်များကို သေချာပေါက် မလိုက်နာနိုင်ပါ သို့မဟုတ် အနည်းဆုံးအနေဖြင့် တူညီသော နည်းလမ်းများအတိုင်းလည်း ပြုမူကြမည် မဟုတ်ပါ။ ၎င်းတို့သည်လည်း ဥပဒေပြုလုပ်သူများအပေါ်မူတည်ပြီး ပြောင်းလဲကြသည်။ နိုင်ငံများအနေဖြင့် သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများဖြင့် ၎င်းတို့အပေါ် စည်းနှောင်မှုရှိသည့်အခါ ၎င်းတို့ ပံ့ပိုးပေးရန်လိုအပ်သည့် အကြောင်းပြချက်များနှင့် သဘောတူစာချုပ်ပါ တာဝန်ဝတ္တရားများအား အခြားစာချုပ်ဝင်မဟုတ်သူများ နှင့် အခြား အပြည်ပြည်ဆိုင်ရာ ဥပဒေ လိုက်နာရသူများအပေါ်တွင် စည်းနှောင်နိုင်ရန်ဦးတည်သည့်အခါတွင် ၎င်းတို့ ပံ့ပိုးပေးရမည့် အကြောင်းပြချက်များသည် ကွဲပြားခြားနားသည်။

*ခ။ အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်မှုနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ*

ဥပဒေစည်းမျဉ်းတစ်ခု၏ စံနှုန်းသတ်မှတ်မှုသည် ဥပဒေစံနှုန်းကို အခြေခံထားသော တန်ဖိုးများအလိုက် အဆင့်ဒီကရီ၊ ကိုယ်ပိုင်သတ်မှတ်နယ်ပယ်နှင့် အရင်းအမြစ်များအရ ကွဲပြားနိုင်သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများတွင်လည်း ကွဲပြားခြားနားသော စံသတ်မှတ်မှုအဆင့်ဒီကရီမျိုးစုံ ရှိသည်ဖြစ်ရာ ၎င်းတို့၏ စံသတ်မှတ်မှုများသည် စံနှုန်းနိမ့်ရာ (သို့မဟုတ် စည်းနှောင်မှုအားပျော့ခြင်း)[27] မှ မလိုက်နာမနေရစံ (*jus cogens*) ကဲ့သို့သော အလွန်အရေးကြီးသည့် ဥပဒေစံနှုန်းများအထိ ရှိကြသည်။ အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများတွင် ကွဲပြားခြားနားသော ကိုယ်ပိုင်သတ်မှတ်နယ်ပယ်များလည်းရှိသည်ဖြစ်ရာ အချို့စံနှုန်းများသည် ယေဘုယျသဘော အားလုံးနှင့် သက်ဆိုင်သောစံနှုန်း (*erga omnes*) အဖြစ် ရှိနေကြပြီး အခြားစံနှုန်းများမှာ (တာဝန်များသည် ယေဘုယျ သဘောဖြင့် ရှိသော်လည်း) ကိစ္စရပ်အနည်းငယ်နှင့်သာ သက်ဆိုင်မှုရှိသည်။ နောက်ဆုံးအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများ၏ စံသတ်မှတ်မှု အရည်အသွေးသည်လည်း ကွဲပြားနိုင်သည်ဖြစ်ရာ အချို့သော အပြည်ပြည်ဆိုင်ရာစံနှုန်းများသည် ၎င်းတို့၏ သဘောတူညီမှုအခြေပြု မူလအစကြောင့် ပြုလုပ်ခြင်းဆိုင်ရာအာဏာသက်ဝင်မှု (subjective authority) ရှိကြပြီး တစ်ဖက်တွင်လည်း အခြားစံနှုန်းများမှာမူ ၎င်းတို့၏ ပြုလုပ်ခံသဘာဝ (objective nature) မှ စံသတ်မှုကို ရယူကြသည်။

အချက်အလက်အနေဖြင့် ပြောရပါက အပြည်ပြည်ဆိုင်ရာဥပဒေ၏ စံနှုန်းသတ်မှတ်မှုသည် နှစ်ပေါင်းများစွာကပင် များပြားလာပြီး အမျိုးစုံကွဲပြားလာသည်။ ထိုသို့ဖြစ်လာခြင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများဖြစ်သည့် အားလုံးနှင့် သက်ဆိုင်ခြင်း၊ ဓမ္မမိဋ္ဌာန်ကျခြင်းနှင့် ဝါစဉ်ကျခြင်းတို့နှင့် သက်ဆိုင်သော ခက်ခဲလှ

[26] See Raz., K., The Authority of Law (Oxford: Oxford University Press, 1979), 19, 223=4; Raz, J., Practical Reason and Norms (2nd edn., Oxford: Oxford University Press, 1999), 178 ff.; Raz, J., 'The Problem of Authority: Revisiting the Service Conception', Minnesota Law Review, 90 (2006), 1003.

[27] See the discussion in section II.2.a.

သည့် မေးခွန်းများစွာ ပေါ်ထွက်လာခဲ့သည်။ Prosper Weil ၏ စိုးရိမ်မှုဖြစ်သည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ 'နှိုင်းရစံသတ်မှတ်မှု' (relative normativity') ဆိုသည့်အရာသည် ယခုအခါ တကယ့်လက်တွေ့တွင် သေချာလာခဲ့ပြီးဖြစ်လေသည်။[28] အချို့သော အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများသည် ၎င်းတို့ကိုလက်မခံသော ပြုလုပ်သူများ (ဥပမာ - သဘောတူစာချုပ်များ၏ ပြင်ပပုဂ္ဂိုလ်အပေါ် အကျိုးသက်ရောက်မှု) သို့မဟုတ် ၎င်းတို့အား သိသိသာသာ ကန့်ကွက်ကြသူများ (ဥပမာ - ဓလေ့ထုံးတမ်းဥပဒေကို အမြဲကန့်ကွက်နေမှုများအပေါ် ကန့်သတ်ခြင်းများ) စသည့် လိုက်နာရသူများအထိ စည်းနှောင်မှုရှိစေသည်။ ထိုသို့စည်းနှောင်ခြင်းတွင် နိုင်ငံများ သို့မဟုတ် လူပုဂ္ဂိုလ်များ ပါဝင်ကြပြီး ၎င်းတို့အနေဖြင့် သဘောတူညီမှုပြုလုပ်သည့်အခါ ခြွင်းချက်များထားရှိခဲ့စေကာမူ ၎င်းတို့အပေါ် စည်းနှောင်မှုရှိလာစေနိုင်သည်။ နောက်ဆုံးတွင် ၎င်းတို့အား အလွန်အရေးကြီးသည် ပုံသဏ္ဍာန်ဖြင့် ထိုစံနှုန်းများသည် တစ်ခါတစ်ရံတွင် စည်းနှောင်ထားကြသည်။

သို့သော် ဥပဒေစည်းမျဉ်းများဆိုင်ရာ စံသတ်မှတ်မှုများနှင့် ဆက်စပ်နေသော မေးခွန်းအားလုံးသည် ၎င်းတို့၏ ဥပဒေအရင်းအမြစ်များအတွက် သီးခြားဖြစ်သည်ဟု ယခုထိ မဆိုနိုင်သေးပါ။ ဆန့်ကျင်တွင်လည်း အပြည်ပြည်ဆိုင်ရာဥပဒေ စံသတ်မှတ်မှုဆိုင်ရာမေးခွန်းများမပါဘဲ ဥပဒေအရင်းအမြစ်များကိုသာ သီးခြားဖော်ပြခြင်းတွင် အကြောင်းပြချက်ကောင်းများ ရှိပါသည်။ စံနှုန်းသတ်မှတ်မှုအား ဥပဒေနှင့်ညီညွတ်မှုနှင့် ချိတ်ဆက် လိုက်သောအခါ ၎င်း၏ အဆင့်ဒီကရီနှင့် ကိုယ်ပိုင်သတ်မှတ်နယ်ပယ်များသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များအပေါ်တွင် တိုက်ရိုက်မှီခိုနေခြင်းမရှိတော့ဘဲ အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်း တစ်ခုချင်းစီအပေါ်တွင်သာ မှီခိုနေသည်။ တူညီသောအရင်းအမြစ်များဖြင့် အားပျော့သည့်စံနှုန်းများနှင့် အရေးကြီးသည့်စံနှုန်းများ၊ ယေဘုယျစံနှုန်းများနှင့် နှိုင်းရစံနှုန်းများကို ဖြစ်ပေါ်စေသည်။ ဥပမာ - သဘောတူစာချုပ်တစ်ခုသည် အားလုံးနှင့် သက်ဆိုင်သည့်စံ (*erga omnes*) နှင့် နှိုင်းရစံများကို ဖြစ်ပေါ်စေနိုင်ပြီး ကုလသမဂ္ဂဆုံးဖြတ်ချက်များတွင် စည်းနှောင်မှုအားပျော့သောဥပဒေ ဟုဆိုနိုင်သော မလိုက်နာမနေရစံ (*jus cogens*) စံနှုန်းများပါဝင်နိုင်သည်။ ထို့ပြင် အချို့သော ဥပမာ - လူ့အခွင့်အရေးကဲ့သို့ သဘောတူစာချုပ်အခြေပြု စံနှုန်းများသည် အပြုခံဥပဒေများ (objective law) အဖြစ် ပေါ်ပေါက်လာကြသော်လည်း အခြားသဘောတူစာချုပ်အခြေပြုစံနှုန်းများသည် ခြွင်းချက်ထားခြင်းကဲ့သို့သော သဘောတူ လက်ခံမှုအခြေပြုလမ်းကြောင်းများဖြင့် ဆက်လက်ထားရှိနေသည်။

အကျိုးဆက်အားဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ စံနှုန်းသတ်မှတ်မှုရှိ လက်တလော တိုးတက်ပြောင်းလဲမှုအရ အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ မျှချေပမာဏကိုလည်းကောင်း၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ယေဘုယျကျမှုကိုလည်းကောင်း ခြိမ်းခြောက်ခြင်း မပြုနိုင်ပေ။ အကယ်၍ ၎င်းတို့အား ခြိမ်းခြောက်ခဲ့ပါက အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်အပေါ် ပြောင်းလဲခြင်းများ ပြုလုပ်ခြင်းထက် ပိုသော အကြောင်းရင်းများကြောင့်သာဖြစ်နိုင်ပေမည်။ ၎င်းသည် အပြည်ပြည်ဆိုင်ရာဥပဒေစနစ် သက်တမ်းကြီးရင့်လာခြင်း၏ အကျိုးဆက်သာလျှင် ဖြစ်ပေသည်။ အမှန်တွင် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းသည် ဥပဒေနှင့်ညီညွတ်မှု၊ ဥပဒေမှ အသိအမှတ်ပြုထားသော တန်ဖိုးထားမှုအချို့ကို အသိအမှတ်ပြုခြင်းဖြင့် ကိုယ်တိုင် ဖွဲ့စည်းမှုတို့မှတဆင့် တဖြည်းဖြည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ထိုတန်ဖိုးထားမှုများ၏ အဆင့်ဒီကရီနှင့် ကိုယ်ပိုင်နယ်ပယ်များမှာ ကွဲလွဲကောင်းကွဲလွဲနိုင်သည်။[29]

## ၃။ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များနှင့် ၎င်း၏ တရားဝင်ဖြစ်မှု

[28] See Weil, P., 'Towards Relative Normativity in International Law', American Journal of International Law, 77 (1983), 413. See for a discussion, Tasioulas, J., 'In Defence of Relative Normativity: Communitarian Values and the Nicaragua Case', Oxford Journal of Legal Studies, 16 (1966), 85.

[29] See e.g. Besson, S., 'Ubi Ius, Ibi Civitas' (above, n.6)

*(က)။ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ညီညွတ်မှု၊ စံနှုန်းသတ်မှတ်မှုနှင့် တရားဝင်ဖြစ်မှု*

ဥပဒေ၏တရားဝင်ဖြစ်မှုဆိုသည်မှာ အာဏာသက်ဝင်ရန် ဥပဒေ၏ တောင်းဆိုမှု နှင့် ၎င်း၏ စံသတ်မှတ်မှုတို့ကို ဖြေရှင်းချက်ပေးခြင်း ဖြစ်သည်။ ဥပဒေ၏တရားဝင်ဖြစ်မှုဖြစ်စေသော အစဉ်အလာအကြောင်းပြချက်များသည် အထူးများပြားသလို ကွဲပြားခြားနားကြပြီး သရုပ်ဖော်ရသော် သဘောတူညီမှုမှသည် တရားမျှတမှုအထိ ရှိလေသည်။

အပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဝင်ဖြစ်မှုတွင်လည်း အလားတူ ကွာခြားချက်များကို တွေ့နိုင်သည်။ နိဒါန်းတွင် တွေ့ခဲ့ကြရသည့်အတိုင်း အပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဝင်ဖြစ်မှုအတွက် အစဉ်အလာအရ အခြေခံအုတ်မြစ်သည် နိုင်ငံ၏ သဘောတူခွင့်ပြုချက် (state consent) ဖြစ်သည်။ သို့သော် ဤရှင်းလင်းချက်သည် လူသိများသည့်အကြောင်းကိစ္စများအတွက်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာဥပဒေတွင် ဥပဒေပြုလုပ်သူအသစ်များ ပေါ်ထွက်လာမှုနှင့်သက်ဆိုင်သော အကြောင်းပြချက်များ၊ ဥပဒေပြုလုပ်ခြင်းဖြစ်စဉ်များ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် သက်ဆိုင်သော အကြောင်းကိစ္စများအတွက်ဖြစ်စေ အလုံးစုံ လက်ခံယုံကြည်လာအောင်သိမ်းသွင်းနိုင်ခြင်း မရှိပေ။[30] အပြည်ပြည်ဆိုင်ရာဥပဒေတရားဝင်ဖြစ်မှုဆိုင်ရာ ရှင်းလင်းချက်ကို အလယ်အလတ်လမ်းစဉ်ဖြင့် အစွန်းနှစ်ဖက် မသွားဘဲ အကြံပြုရသော် အပြည်ပြည်ဆိုင်ရာဥပဒေတရားဝင်ဖြစ်မှုသည် လူသိများသော ဒဿနိကဗေဒဆိုင်ရာ အခက်အခဲများနှင့်အတူ တရားမျှတမှုဆိုင်ရာ သဘာဝတာဝန်များမှ မြစ်ဖျားခံလာပြီး ကျင့်ဝတ်ပိုင်းနှင့် လူမှုရေး ဗဟုဝါဒတို့ဖြင့် ရှုပ်ထွေးချိတ်ဆက်သော နည်းလမ်းကို သွယ်ဝိုက်ညွှန်းဆိုသည်။ အဆိုပြုထားသော ဖြစ်စဉ်သည် အပြည်ပြည်ဆိုင်ရာဥပဒေစနစ်တစ်ခုဖြစ်စေရန် တာဝန်နှင့် ၎င်း၏ ဥပဒေစံနှုန်းအချို့ကို လိုက်နာရန်တာဝန်များအား ရှင်းလင်းဖွင့်ဆိုထားသည်။

ကနဦးအစအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ငြိမ်းငြိမ်းချမ်းချမ်း ပူးပေါင်းဆောင်ရွက်မှု ကို သေချာစေသည့် အပြုသဘောဆောင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေစနစ်တစ်ခုကို ဖန်တီးရန် တာဝန်နှင့် စပ်လျဉ်းပြီး တစ်ဦးတစ်ယောက်က ငြင်းဆိုကောင်း ငြင်းဆိုနိုင်ပါသည်။[31] ထို့ကြောင့် တရားမျှတမှုဆိုင်ရာ ကိစ္စရပ် များတွင် ပူးပေါင်းဆောင်ရွက်ရန်တာဝန် နှင့် အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာတရားမျှတမှုနှင့် အုပ်ချုပ်မှုများသည် ကွဲပြားကြသည်ဟု အမြင်များရှိကြသည့် တူညီသော အပြည်ပြည်ဆိုင်ရာ ပြုလုပ်သူများအကြားတွင် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ရန် တာဝန် စသည်တို့အား ကိုးကားလျက် အပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဝင်ဖြစ်မှုကို ပိုမိုကောင်းမွန်အောင် ရှင်းလင်းနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့အခြေအနေများတွင် အပြည်ပြည်ဆိုင်ရာဥပဒေသည် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ကို ဆက်သွယ်အချက်ပြပေးနိုင်သော၊ ကွဲပြားခြားနားသော အပြည်ပြည် ဆိုင်ရာဥပဒေပြုလုပ်သူများအကြား ရှင်းလင်းထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုကို သေချာစေနိုင်သော အရေးပါလုံလောက်သည့် နည်းလမ်းများဖြစ်သည်။

ဒုတိယအချက်အနေနှင့် အပြည်ပြည်ဆိုင်ရာဥပဒေစံနှုန်းများကို ကိုယ်တိုင်လိုက်နာရန် တာဝန်နှင့် စပ်လျဉ်း၍ ဥပဒေချည်းသက်သက် လိုက်နာရန် ကနဦး ယေဘုယျ တာဝန် မရှိခြင်းအပေါ် အလေးထားခြင်းဖြင့် တစ်စုံတစ်ယောက်သည် အစပြုသင့်သည်။ ဥပဒေနှင့်ညီညွတ်မှု အချက်တစ်ခုတည်းဖြင့် တရားဝင်ဖြစ်မှုအတွက် လုံလောက်သော အခြေခံမဖြစ်နိုင်ပါ။ တစ်ချိန်တည်းမှာပင် ပေးထားသော ဥပဒေစံနှုန်းတစ်ခု၏ အခွင့်အာဏာသည် ဥပဒေစံတစ်ခု၏ မှန်ကန်သော ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းအရာများမှ ထွက်ပေါ်လာသည့်အရာနှင့် မရောနှောသင့်ပေ။ ၎င်းပေးထားသည့် အကြောင်းပြချက်များသည် ပါဝင်သည့်ကိစ္စရပ်အပေါ် မှီတည်နေပြီး ၎င်း၏ ဥပဒေဆိုင်ရာသဘာဝနှင့် သီးခြားဖြစ်သည်။ ရလာဒ်အားဖြင့် Raz ၏ ပုံမှန်ရှင်းလင်းချက် စာတမ်းအရ

[30] See Buchanna, A., Justice, Legitimacy and Self-Determination. Moral Foundations for International Law (Oxford: Oxford University Press, 2004). 301-14 and Chapter 3 in this volume.

[31] See e.g. Waldron, J., 'Special Ties and Natural Duties', Philosophy and Public Affairs, 22 (1993), 3, 22 ff.; Besson, S., The Morality of Conflict (above, n.25), 465-77.

© Translation Right - HRERP

ပေးထားသောဥပဒေစံနှုန်းသည် မူလတည်ရှိပြီးဖြစ်သော ကိုယ်ကျင့်တရားဆိုင်ရာအကြောင်းပြချက်များနှင့် ကိုက်ညီပါက ၎င်းတွင် တရားဝင်အခွင့်အာဏာ ရှိသည်ဟု ဆိုနိုင်သည်။ သို့သော် ဤနည်းအရ အကယ်၍ ဥပဒေစံနှုန်းသည် ကိုယ်ကျင့်တရားဆိုင်ရာ အကြောင်းပြချက်နှင့် ကိုက်ညီခဲ့ပါလျှင် လူပုဂ္ဂိုလ်တစ်ဦးသည် ထိုဥပဒေစံနှုန်းကို ပိုမို လိုက်နာနိုင်သည့် အနေအထားတွင် ရှိနေမည်ဖြစ်သည်။

ဥပဒေနှင့်ညီညွတ်မှုကိုယ်တိုင်သည် တရားဝင်ဖြစ်မှုအတွက် လုံလောက်ခြင်းမရှိသော်ငြား အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တူညီသော အကြောင်းကိစ္စအပေါ်တွင် ဥပဒေသည် ကျင့်ဝတ်ဆိုင်ရာ စံနှုန်းမှ ကွဲပြားစွာ စည်းနှောင်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည်ဥပဒေတစ်ခုဖြစ်ပြီး ပူးပေါင်းဆောင်ရွက်ရန် အတွက်သာမက လူမှုရေးအချက်အလက်များကို ကိုးကားထားသည့် အချို့သော စည်းမျဉ်းများကို လိုက်နာရန် အတွက် သက်ဆိုင်ပါဝင်သူများ ၏ ကြံရွယ်ချက်စိတ်ကူးကို အချက်ပြပေးနိုင်သောနည်းဖြင့် ထိုဥပဒေကို ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။[32] အမှန်စင်စစ် အချက်ပြခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနည်းသည် မလုံလောက်ပေ၊ ဥပဒေမှ ကိစ္စတစ်ခုစီအတွက် လိုက်နာမှုတောင်းဆိုခြင်းအပေါ် ဥပဒေ၏ အချက်ပြပုံနှင့် စပ်လျဉ်းသည့် နည်းလမ်းတစ်စုံတစ်ခု ရှိရမည်ဖြစ်သည်။ ထိုသို့ ရှိခဲ့ပါက တရားဝင်ဖြစ်မှုသည် တရားဥပဒေနှင့်ညီညွတ်မှု၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ဆိုလိုသည်မှာ ဥပဒေတစ်ခုကို တရားဝင်ဖြစ်မှု*တောင်းဆိုစေနိုင်*သော ထိုမှတဆင့်ကျင့်သုံးမည့်သူများအပေါ် စည်းနှောင်မှုရှိနိုင်သော နည်းဖြင့် ပြုလုပ်သင့်သည်။ တစ်နည်းအားဖြင့် ဥပဒေအရင်းအမြစ်များ ဆိုလိုသည်မှာ ဥပဒေပြုလုပ်ခြင်းဖြစ်စဉ်အား ဥပဒေတစ်ခုမှ အာဏာသက်ဝင်ရန် တောင်းဆိုနိုင်သည်အထိ စုစည်းလုပ်ဆောင်သင့်သည်။ များစွာသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် တရားမျှတမှုတို့နှင့် စပ်လျဉ်းသော ဆက်လက်ပျံ့နှံ့ကျန်ရှိနေသေးသည့် သဘောထား ကွဲလွဲမှုအခြေအနေများတွင် ဒီမိုကရေစီကျကျ ဥပဒေပြုလုပ်သောဖြစ်စဉ်များ၏ သဘောသဘာဝသည် အဆိုပါတောင်းဆိုမှုအတွက် အကောင်းဆုံးဖြေရှင်းချက်အဖြစ်သတ်မှတ်နိုင်သည်။[33] ၎င်းသည် ပါဝင်သူအားလုံး၏ တန်းတူညီမျှမှုနှင့် ၎င်းတို့၏ ပုဂ္ဂလိက အကြောင်းပြချက်များကိုလေးစားခြင်း - အနည်းဆုံး အငြင်းပွားဖွယ်ကိစ္စရပ်အပေါ် နောက်ဆုံးစကားရပ်ရောက်သည်အထိ အလှည့်ကျဆွေးနွေးခြင်း - တို့ဖြင့် ပူးပေါင်းဆောင်ရွက်ကာ ဆုံးဖြတ်ချက်တစ်ခု ဖြစ်လာစေနိုင်သည်။

*(ခ)။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနည်းကျ တရားဝင်ဖြစ်မှုနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များ*

အပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဝင်ဖြစ်မှုအတွက် ဥပဒေနှင့်ညီညွတ်ခြင်းတစ်ခုတည်းဖြင့် မလုံလောက်နိုင်သောကြောင့်[34] တရားဝင်ဖြစ်မှုကိုတောင်းဆိုရန်အလို့ငှါ အပြည်ပြည်ဆိုင်ရာဥပဒေအား ပြုလုပ်ရမည်။[35] ၎င်းကို မတူကွဲပြားသော လူမှုအဖွဲ့အစည်းအတွင်း လေးစားထိုက်သောတရားဝင်ဖြစ်မှုအရင်းအမြစ်များစွာမှတဆင့် ဒီမိုကရေစီနည်းဖြင့် အကောင်အထည်ဖော်သင့်သည်ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေမှာလည်း တရားဝင်ဖြစ်မှုနှင့်အတူ ဥပဒေစံနှုန်းများ အပ်နှင်းထားသည့် ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်များဖြင့် ပုံဖော်ပြုလုပ်သင့်သည်။ ထိုသို့ ဥပဒေတရားဝင်ဖြစ်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုအခြေပြုနည်းလမ်းသည် အပြည်ပြည်ဆိုင်ရာဥပဒေအတွက် ကိုက်ညီ

[32] See e.g. Besson, S., The Morality of Conflict (above, n.25), 465 – 77.

[33] See on this democratic account of the normal justification thesis, ibid. 490-9, 505-6; Besson, S., 'Review Article: Democracy, Law and Authority', Journal of Moral Philosophy, 2/1 (2005), 89; Waldron, J., 'Authority for Officials', in Meyer, L.H., Paulson, S. L., and Pogge, T.W. (eds), Rights, Culture and the Law: Themes from the Legal and Political Philosophy of Joseph Raz (Oxford: Oxford University Press, 2003), 45.

[34] Contra Kumm, M., 'The Legitimacy of International Law: A Constitutionalist Framework of Analysis', European Journal of International Law, 15/5 (2004), 907, 918.

[35] See Franck, T., Fairness in International Law and Institutions (Oxford: Clarendon Press, 1995), 7-8, 22 – 4, 26.

သည်။ အကြောင်းမှာ အပြည်ပြည်ဆိုင်ရာဥပဒေသည် မတူကွဲပြားသော အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းအတွင်း ကွဲပြားခြားနားသော ပြုလုပ်သူများနှင့် ကွဲပြားခြားနားသော နေရာများကို သက်ရောက်မှုရှိခြင်းကြောင့်ဖြစ်သည်။[36]

အပြည်ပြည်ဆိုင်ရာဥပဒေပြုလုပ်ခြင်း၏ ဒီမိုကရေစီနည်းလမ်းတကျဖြစ်မှုဆိုသည့်အပေါ် ဤနေရာတွင် အပြည့်အစုံ ရှင်းလင်းဖော်ပြနေခြင်းမဟုတ်ပါ။ အနှစ်ချုပ်ဆိုရပါက နိုင်ငံ နယ်နိမိတ်အတွင်းနှင့် ပြင်ပတွင် ဖြစ်ပေါ်နေပြီး ၎င်း၏ရလာဒ်များသည် ထိုနိုင်ငံအတွင်းရှိလူပုဂ္ဂိုလ်များအပေါ်တွင် သက်ရောက်နိုင်သည့် ဒီမိုကရေစီနည်းကျ လုပ်ငန်းစဉ်အားလုံးကို ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီမှ အုပ်စုဖွဲ့လိုက်ခြင်းဖြစ်သည်။ အခြားနေရာတစ်ခုတွင် ကျွန်ုပ် ချေပခဲ့သည့်အတိုင်း အပြည်ပြည်ဆိုင်ရာ တရားဝင်ဖြစ်မှု၏ အကောင်းဆုံးဖြစ်စဉ်မှာ ဒီမိုကရေစီနည်းလမ်းကျမှု ဖြစ်စဉ် ဖြစ်သည်။ ဆိုလိုသည်မှာ ပြည်တွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပြု ဖြစ်စဉ်များတွင်ဖြစ်စေ၊ ၎င်းတို့၏ အခြေခံအကျိုးစီးပွားများမှာ အဆိုပါဥပဒေပြုဖြစ်စဉ်များတွင် ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကြောင့် ထိခိုက်နိုင်သည်ဖြစ်သော အပြည်ပြည်ဆိုင်ရာနိုင်ငံရေးအသိုက်အဝန်း (နိုင်ငံများစွာပါဝင်ခြင်း)ရှိ မတူကွဲပြားသော ပြည်သူများဖြစ်ကြသည့် နိုင်ငံအားလုံး (နှင့် နိုင်ငံများ၏ အဖွဲ့များ) နှင့်လူပုဂ္ဂိုလ်များ (နှင့်လူပုဂ္ဂိုလ်အဖွဲ့များ)၏ ဥပဒေပြုလုပ်ခြင်းလုပ်ငန်းစဉ်များရှိ ကွဲပြားသော အဆင့်များတွင်ဖြစ်စေ မတူကွဲပြားသော ပြည်သူများ၊ လူပုဂ္ဂိုလ်များ (လူပုဂ္ဂိုလ်အဖွဲ့များ) ပါဝင်မှုကို အခြေခံထားသည့် ဖြစ်စဉ်ဖြစ်သည်။ [37]

သေချာသည်မှာ လက်တွေ့၌ ဒီမိုကရေစီနည်းကျ အပြည်ပြည်ဆိုင်ရာဥပဒေသည် အမြဲ သိသိသာသာ တရားဝင်ဖြစ်နေမည် မဟုတ်ပေ။ သို့သော် ကျင့်ဝတ်ပိုင်းဆိုင်ရာ အငြင်းပွားမှုများတွင် တရားဝင်ဖြစ်စေရန်အတွက် မျှမျှတတ တောင်းဆိုနိုင်ရန် လုံလောက်ပါသည်။ ဤသည်မှာ လုပ်ထုံးလုပ်နည်းများအရ တရားဝင်ဖြစ်တည်ပြီး ပါဝင်သူအားလုံး၏ နိုင်ငံရေးအရ တန်းတူညီမျှမှုအား လေးစားရမည့် ကိစ္စရပ်ဖြစ်ပေသည်။ သို့သော် ဤအချက်သည် အခြားသောအရင်းအမြစ်များဖြင့်လည်းကောင်း၊ သို့မဟုတ် တရားမျှတမှု သို့မဟုတ် အချို့ကန့်သတ်မှု ပိုများသော ကိစ္စများတွင် နိုင်ငံ၏သဘောတူခွင့်ပြုချက်ကဲ့သို့သော တွန်းအားများဖြင့်လည်းကောင်း အတူတကွတည်ရှိမှုကို ဖယ်ထုတ်ထားနိုင်ခြင်းမရှိပေ။ ထို့အတူ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များအားလုံးသည် တရားဝင်ဖြစ်မှုအပ်နှင်းထားသော ဒီမိုကရေစီနည်းကျ ဖြစ်သင့်သည်ဟု အဓိပ္ပါယ်မသက်ရောက်ပေ။ အချို့သောအရင်းအမြစ်များသည် အကြောင်းပြချက်များရှိပြီး ၎င်းတို့၏ ဥပဒေပြုလုပ်ခြင်း လုပ်ငန်းစဉ်များ မသက်ဆိုင်နိုင်သည်များလည်း ရှိပြီး[38] ၎င်းတို့၏ တရားဝင်ဖြစ်မှုကို အခြားသောဖြေရှင်းချက်များမှ ကောက်ယူရသည့်အပြင် ၎င်း၏ လေးစားမှု အတွက် နိုင်ငံ၏သဘောတူ ခွင့်ပြုချက်ဆိုသည့် အခြေခံအချက်များဖြင့် တောင်းဆိုရရှိနိုင်သည်။ သို့သော် နောက်ပိုင်းကိစ္စများတွင် တစ်စုံတစ်ဦးမှ ဒီမိုကရေစီနည်းကျမဟုတ်သော အရင်းအမြစ်များ၏ စံနှုန်းများတည်ရှိနေမှုကို သက်သေထူနိုင်ရန်အတွက် အစမ်းခန့်ဒီမိုကရေစီ ဖြစ်စဉ်များကို ဖော်ထုတ်နိုင်သည်။ နောက်ဆုံးအနေဖြင့် ဒီမိုကရေစီသည် ကောင်းမွန်မှန်ကန်စွာလည်ပတ်နိုင်ရန် လူ့အခွင့်အရေးဆိုင်ရာ အနိမ့်ဆုံးအာမခံချက်များ လိုအပ်သည်။ သို့မှသာ ထိုအာမခံချက်များသည် ဒီမိုကရေစီအပြင် အပြည်ပြည်ဆိုင်ရာဥပဒေ တရားဝင်ဖြစ်မှုဖြစ်စဉ်များ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာရပေမည်။[39]

[36] See Buchanan, A. and Keohane, O., 'The Legitimacy of Global Governance Institution', Ethics and International Affairs, 20/4 (2006), 405. See also Besson, S., 'The Authority of International Law – Lifting the State Veil', Sydney Law Review, 31/3 (2009), 343.

[37] See Besson, S., 'Deliberative Demoi-cracy in the European Union: Towards the Deterritorialization of Democracy', in Besson, S. and Marti, J. L. (eds.), Deliberative Democracy and its Discontents (Aldershot: Ashgate 2006), 181; Besson, S., 'Institutionalizing Global Demoi-cracy', in Meyer, L., (ed.), Justice, Legitimacy and Public International Law (Cambridge: Cambridge University Press, 2009), 58.

[38] See Weiler, J., 'The Geology of International Law – Governance, Democracy and Legitimacy', Zeitschrift fur auslandisches offentliches Recht and Volkerrecht, 64 (2004), 547.

[39] See Besson, S., The Morality of Conflict (above, n.25), 319-23.

## ၄။ အပြည်ပြည်ဆိုင်ရာ ဥပဒေစနစ်၏ ဒီမိုကရေစီနည်းကျ ဖြစ်စဉ်သဘော

### ၁။ အပြည်ပြည်ဆိုင်ရာ ဒုတိယတန်း စည်းမျဉ်းများ

အပြည်ပြည်ဆိုင်ရာဥပဒေအား စည်းမျဉ်းစုတစ်ခုအဖြစ်သာ မဟုတ်ဘဲ ဥပဒေစနစ်တစ်ခုအနေဖြင့် စဉ်းစားပါမူ အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များကို *ဒုတိယတန်းစည်းမျဉ်းများအ*တိုင်း စုစည်းသင့်ပေသည်။ ၎င်းစည်းမျဉ်းများသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ပင်မစည်းမျဉ်းများကို တရားဝင် ဖန်တီးခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ပြုလုပ်သောနည်းလမ်းများ တစ်နည်းဆိုရသော် အပြည်ပြည်ဆိုင်ရာဥပဒေပြုခြင်းဖြစ်စဉ်များကို ကြိုတင်သတ်မှတ်ဖော်ထုတ်ပေးသည်။ ဤလိုအပ်ချက်သည် ယခင်က *အပြည်ပြည်ဆိုင်ရာဥပဒေစိုးမိုးရေးအကြောင်း* အချေအတင်ပြောဆိုချက်မှ ပေါ်ပေါက်လာသည်သာမက *အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနည်းကျ တရားဝင်ဖြစ်မှု*၏ အခြေအနေအရပ်ရပ်တို့မှလည်း ပေါ်ပေါက်လာသည်။

သေချာသည်မှာ ဟတ် (Hart)[40] ၏အယူအဆကို လက်ခံသည့် အချို့သူများက အပြည်ပြည်ဆိုင်ရာဥပဒေမှာ ဥပဒေစနစ်တစ်ခုအဖြစ်သတ်မှတ်ရန် လုံလောက်စွာ ဖွံ့ဖြိုးမှုမရှိသေးကြောင်း စောဒက တက်နိုင်သည်။ ထိုသို့သော ဖြစ်စဉ်တွင် အပြည်ပြည်ဆိုင်ရာ ပြုလုပ်သူများအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေစည်းမျဉ်းများအား လိုက်နာရန်လည်းကောင်း သို့မဟုတ် အချိန်တစ်ခုခင်းစီတွင် မလိုက်နာရန်လည်းကောင်း မည်သို့ ဖန်တီးသည်၊ ပြင်ဆင်သည် သို့မဟုတ် ပျက်ပြယ်သည်ကို သိရှိနိုင်လိမ့်မည်။ သို့သော်လည်း ထိုဝေဖန်ချက်သည် သိသိသာသာ ပျောက်ကွယ်လာပြီး *အပြည်ပြည်ဆိုင်ရာဥပဒေအချက်အလက်များအ*ပေါ်တွင် အလေးဂရုအနည်းငယ်သာ ရှိတော့သည်။ ယနေ့ခေတ်တွင် များစွာသော ဒုတိယတန်းစည်းမျဉ်းများအား အပြည်ပြည်ဆိုင်ရာဥပဒေတွင် ပြန်လည်နေရာပေးလာကြသည်။ ၎င်းတို့သည် အမျိုးမျိုးသော ဥပဒေမူလဇစ်မြစ်မျိုးစုံဖြစ်နိုင်သည်၊ အချို့စည်းမျဉ်းများသည် သဘောတူစာချုပ်ဆိုင်ရာ ဗီယင်နာသဘောတူညီချက် (Vienna Conventions on the Law of Treaties) ကဲ့သို့သော သဘောတူစာချုပ်အခြေပြုများထားသည်များရှိသလို အချို့သည်လည်း ဓလေ့ထုံးတမ်းဥပဒေ ဖန်တီးရာတွင် သက်ဆိုင်ဆက်စပ်သော ဒုတိယတန်းစည်းမျဉ်းများကဲ့သို့သော ဓလေ့ထုံးတမ်းဆိုင်ရာ စည်းမျဉ်းများ ဖြစ်ကြသည်။ သေချာသည်မှာ ဒုတိယတန်းစည်းမျဉ်းများသည် ပြည်တွင်းအဆင့်နှင့် ယှဉ်သော် အပြည်ပြည်ဆိုင်ရာဥပဒေအဆင့်တွင် လွှမ်းမိုးဆုံးဖြတ်နိုင်မှု နည်းပါးသည်။ အကြောင်းမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေပြုခြင်းဖြစ်စဉ်၏ နယ်ပယ်နှင့် နက်ရှိုင်းမှုတို့ကြောင့်ဖြစ်သည်။ ထို့ပြင် တစ်ဖက်တွင် မတူသောအရင်းအမြစ်များအကြား အလွန်အမင်းကွဲပြားနေမှု နှင့် အခြားတဖက်တွင်လည်း လက်တွေ့ကျင့်သုံးရာ၌ ဖြည့်စွက်လိုအပ်ချက်မှုနှင့် ထပ်တူကျမှုများကြောင့်လည်း ဖြစ်နိုင်သည်။

ဤအဆင့်ရှိ ဝေဖန်လေ့ရှိသည့်အချက်တစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ ပြုခြင်းနှင့် စပ်လျဉ်းပြီး ဒုတိယတန်းစည်းမျဉ်းများ မရှိခြင်းဖြစ်သည်။ စံနှုန်းများဖန်တီးရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အကျင့်၏ အရေးပါမှုသည် စံနှုန်းသစ်ဖန်တီးခြင်းသည် အမြဲဆိုသလိုပင် ရှိနှင့်ပြီးသား စံနှုန်းကို ချိုးဖျက်လိုက်သည်ဟုလည်း အဓိပ္ပါယ်ကောက်ယူမှုမျိုးရှိကြသည်။[41] သို့သော် ဥပဒေပညာရှင်များ၏ထင်မြင်သုံးသပ်ချက်များဖြင့် လက်တွေ့၌ ပိုမိုအသိအမှတ်ပြုထားသော တွေးဆချက်[42]ကို မှာ နိုင်ငံ၏ ကျင့်သုံးပုံသည် တစ်ခါတစ်ရံ ယတိပြတ်မှန်းရခက်သည်[43] သို့မဟုတ် အနည်းဆုံးအနေဖြင့် ကျင့်သုံးကြသည်မှာ ဓလေ့ထုံးတမ်းဆိုင်ရာစံနှုန်းအသစ် ပေါ်ထွန်း

---

[40] Hart, H. L. A., The Concept of Law (above, n.1), ch.x.

[41] See D'Amato, A., The Concept of Custom in International Law (above, n.9).

[42] ICJ, Nicaragua v. United States of American (ICJ Reports 1984), 392, 418.

[43] See Tasioulas, J., 'In Defence of Relative Normativity' (above, n.28), 96-100.

တော့မည်ဆိုပါက ယခင်စံနှုန်းများအား လက်ရှိစံနှုန်းတည်ရှိမှုအပေါ် ခြိမ်းခြောက်ခြင်းမရှိလင့်ကစား လက်တွေ့တွင် ဆက်လက်အလေးပေးအသုံးပြုလိမ့်မည် မဟုတ်တော့ပေ။ ဖန်တီးပြီးသည့်တစ်ပြိုင်နက် နိုင်ငံများ၏ကျင့်သုံးမှုဖြင့် အတည်ပြုပြီးသော ဓလေ့ထုံးတမ်းစံနှုန်းတစ်ခုသည် အသက်ဝင် ကျင့်သုံးလေးစားခြင်းမရှိသော်ငြား၊ အချို့နိုင်ငံများသည်ပင်လျှင် ချိုးဖောက်နေလင့်ကစား ဆက်လက်တည်ရှိနိုင်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဥပဒေစံနှုန်းများ ဖန်တီးခြင်းနှင့် အကြောင်းအရာတို့အား ထိုစံနှုန်းအပေါ် လေးစားလိုက်နာကျင့်သုံးပုံနှင့် ပူးတွဲခြင်းဟု ဆိုနိုင်ပေသည်။

ထိုအခြေအနေတွင် Tasioulas က ဓလေ့ထုံးတမ်းစံနှုန်းတစ်ခုဖြစ်လာရန် လိုအပ်သည့် *ဥပဒေပညာရှင်အမြင်*နှင့် ၎င်းကို အာဏာသက်ဝင်အောင်ထိန်းသိမ်းရန် လိုအပ်သည့် *ဥပဒေပညာရှင်အမြင်*တို့ အကြား ခွဲခြားပြထားသည်။ ပထမအမြင်သည် ဝိရောဓိ သဘောဆန်သည် (တစ်စုံတစ်ရာမှာ ဥပဒေကဲ့သို့ ကျင့်သုံးလာခဲ့ခြင်းမှသည် ဥပဒေဖြစ်လာတန်သည်ဟု မှားယွင်းစွာ ယုံကြည်ကြသည်)၊ ဒုတိယအမြင်သည် ဓလေ့ထုံးတမ်းတစ်ခုကို ဖန်တီးပြီးမှသာလျှင် ဆက်လက်ဖြစ်သည်ဟူသော အပြည့်အဝ လက်ခံထားလေသည်။ အခြားသူများမှ ပူးပေါင်းဆောင်ရွက်ခြင်း ကတိကဝတ်ကို ထိန်းသိမ်းထားပြီး ထိုပူးပေါင်းဆောင်ရွက်ခြင်း၏ ရလာဒ်များကို တစ်ဦးတစ်ဦးမှ လိုက်နာသင့်သည်ဟူသော ယုံကြည်ထုတ်ဖော်မှုအဖြစ် [44] *ပထမဥပဒေပညာရှင်အမြင်*အား စဉ်းစားပြီး ထိုဝိရောဓိကို ဖျောက်ဖျက်နိုင်သည်၊ ထို*ပထမဥပဒေပညာရှင်အမြင်* သည် အမှန်အားဖြင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်တွင် ပါဝင်သူအားလုံးသည် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိရန်လိုအပ်ကာ ထို့ကြောင့် ဥပဒေစံနှုန်းတစ်ခုကို ဖန်တီးနိုင်စွမ်းရှိရမည်ဖြစ်သည် ဟု ယုံကြည်ချက်တစ်ခုသာဖြစ်ပြီး ထိုဖော်ပြချက်အား တည်ဆဲဓလေ့ထုံးတမ်းဆိုင်ရာ စံနှုန်းတစ်ခု၏ ခိုင်မာမှုနှင့်ဆက်စပ်သော အခြားပညာရှင်အမြင်များနှင့် ခွဲခြားထားရန် မျှော်လင့်နိုင်သည်။ ထို့ကြောင့် ဓလေ့ထုံးတမ်းဥပဒေတစ်ခုကို သာမာန် ချိုးဖျက်ခြင်းနှင့် ဓလေ့ထုံးတမ်းဥပဒေဆိုင်ရာ ဥပဒေ အပြောင်းအလဲတို့ အကြား ခြားနားချက်သည် ဓလေ့ထုံးတမ်းအသစ် ပေါ်ထွက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပေါ်တွင် မူတည်နေသည်ဖြစ်ကာ ထို့ကြောင့် စံနှုန်းအသစ် ဖြစ်လာစေနိုင်သော ကျင့်သုံးပုံနည်းလမ်းတွင်လည်း မူတည်နေပေသည်။

၎င်းအား ဓလေ့ထုံးတမ်းဥပဒေပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးလာမှု၊ တည်ဆဲဥပဒေပညာရှင်အမြင်များကို စိစစ်လေ့လာရန်အလို့ငှာ နိုင်ငံများစွာ ပါဝင်သော ဥပဒေပြုခြင်း လမ်းကြောင်းများကို ပိုမိုအသုံးပြုလာခြင်း စသည့် နည်းလမ်းများဖြင့် အမှန်ပင် အတည်ပြုနိုင်သည်။ ထိုယန္တရားများ၏ ကောင်းကျိုးများစွာထဲမှ တစ်ခုမှာ ၎င်းတို့သည် ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးရေး လိုအပ်ချက်များနှင့် ကိုက်ညီလာခြင်း နှင့် သဏ္ဍာန်ဆောင်တရားဝင်ဥပဒေပြုခြင်းမှတဆင့် စဉ်းစားချင့်ချိန်သည့် အရည်အသွေးများဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီ ဖြစ်လာခြင်းဆိုသည့် အချက်ပေါ်တွင် အတိအကျ တည်မှီနေသည်။ အမှန်တွင် အဆိုပါယန္တရားများသည် ဥပဒေပြုလုပ်ခြင်းလုပ်ငန်းစဉ်များအတိုင်းထက် ပိုမို အရေးကြီးသည့် အထောက်အထားများဖြစ်သည်ဟု တစ်စုံတစ်ဦးမှ ပြောဆိုကောင်းပြောနိုင်သည်။ ထိုသို့ဆိုနိုင်သော်ငြား သို့ရာတွင် ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာ သက်ဆိုင်သူအားလုံး၏ တန်းတူညီမျှမှုနှင့် ဓလေ့ထုံးတမ်းစံနှုန်းများအပေါ် တရားဝင်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုတို့ကို အလေးထားသည့် အချက်ပြမှုတစ်ခု ဖြစ်လာစေသည်။ ၎င်းသည် ဓလေ့ထုံးတမ်းဥပဒေပြုခြင်းဆိုင်ရာ ဒုတိယတန်းစည်းမျဉ်းများနှင့် ဓလေ့ထုံးတမ်းဥပဒေပြုခြင်းကိုယ်တိုင်အကြား ခြားနားမှုသတ်မှတ်ရန် လုံလောက်ပေသည်။

[44] See Tasioulas, J., 'Customary International Law and the Quest for Global Justice', in Perreau-Saussine, A. and Murphy, J. (eds.), The Nature of Customary Law: Legal, Historical and Philosophical Perspectives (Cambridge: Cambridge University Press, 2006), 307, 320 – 4; and before him, D'Amato, A., The Concept of Custom in International Law (above, n.9).

## ၂။ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုစည်းမျဉ်း

(က)။ တစ်ခုတည်းနှင့် ကန့်သတ်ချက်ရှိသော အသိအမှတ်ပြုစည်းမျဉ်း

အပြည်ပြည်ဆိုင်ရာဥပဒေပြုခြင်းဖြစ်စဉ်များကို သတ်မှတ်ပေးသည့် စည်းမျဉ်းများအား ဒုတိယတန်းစည်းမျဉ်းများ အဖြစ် သတ်မှတ်လေးစားရန်နှင့်အတွက် အပြည်ပြည်ဆိုင်ရာစနစ်သည် အသိအမှတ်ပြုခြင်း စည်းမျဉ်းတစ်ခု လိုအပ် ပေသည်။ ဆိုလိုသည်မှာ ဒုတိယတန်းစည်းမျဉ်းများကို အသိအမှတ်ပြုဖော်ထုတ်သော စည်းမျဉ်းတစ်ခုဖြစ်ကာ ထို့နောက် တရားဝင်မှန်ကန်သော အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များကို ဖော်ထုတ်ပေးသည့် စည်းမျဉ်း တစ်ခုဖြစ်သည်။ ၎င်းသည် စနစ်တစ်ခုအတွင်းရှိ အခြားသောစည်းမျဉ်းများ၏ တရားဝင်မှန်ကန်မှုကို အကဲဖြတ်ရန် ကိုးကားနိုင်သည့် စည်းမျဉ်းတစ်ခုဖြစ်ပြီး ထိုစည်းမျဉ်းများဖြင့် တစ်ခုတည်းသောစနစ်ကို ဖြစ်လာစေသည်။[45] အချက် တစ်ရပ်အနေဖြင့် အသိအမှတ်ပြုစည်းမျဉ်းတစ်ခုရှိခြင်းသည် အပြည်ပြည်ဆိုင်ရာဥပဒေစိုးမိုးရေးအတွက် လည်း ကောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေစနစ်ရှိ ဒီမိုကရေစီနည်းကျ တရားဝင်ဖြစ်မှုအတွက်လည်းကောင်း စံသတ်မှတ် လိုအပ်ချက်များထဲမှ တစ်ခုဖြစ်လာစေသည်။ Hart ပြောသကဲ့သို့မဟုတ်ဘဲ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု စည်းမျဉ်းတစ်ခု သတ်မှတ်ဖော်ထုတ်ခြင်းသည် 'ဇိမ်ခံစည်းစိမ်' တစ်ခုမဟုတ်ပါ။ [46] ၎င်းသည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီအသိုက်အဝန်း၏ လိုအပ်ချက်တစ်ခုဖြစ်ပြီး ပါဝင်သူအားလုံးမှ ၎င်းတို့ကိုယ်တိုင် ကြိုတင်ပါဝင်နိုင်ပြီး နောင်အနာဂတ်တွင် ၎င်းတို့အပေါ်စည်းနှောင်လာမည့် ဥပဒေဖြစ်စဉ်များကို အတူတကွ ဆုံးဖြတ်သတ်မှတ်ခြင်း ဖြစ်ပေသည်။

ပထမဦးစွာ အသိအမှတ်ပြုစည်းမျဉ်းတစ်ခုရှိခြင်းသည် အရင်းအမြစ်များ၏ ကန့်သတ်ချက်အရေအတွက် တစ်ခု သို့မဟုတ် အခြားသော လူမှုစံနှုန်းများနှင့် မတူဘဲ ဥပဒေစံနှုန်းများ၏ လုပ်ဆောင်မှုကို မူရင်းအချက်ပြခြင်း တစ်ခုဟုလည်း သွယ်ဝိုက်ညွှန်းဆိုကြသည်။ အမှန်တွင် အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များ၏ ကနဦးစာရင်း သည် ပြည်တွင်းဥပဒေရှိ စာရင်းနှင့် ယှဉ်သော် တိကျသေချာမှုနည်းပါသည်ဖြစ်ရာ ကန့်သတ်ချက်ရှိလာသည်။

မကြာသေးမီနှစ်များအတွင်း အပြည်ပြည်ဆိုင်ရာဥပဒေပြုခြင်းဖြစ်စဉ်များ၏ အရေးပါ ဖွံ့ဖြိုးတိုးတက် လာမှုများ ရှိလာခဲ့သော်လည်း အသစ်သစ်သော ဥပဒေပြုခြင်းယန္တရားအားလုံးတွင် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်အသစ်များ ဖြစ်လာသည်မဟုတ်ပေ။ ထို့ကြောင့် စည်းနှောင်မှုရှိသည့် ပြဋ္ဌာန်းဥပဒေများနှင့် မတူဘဲ စည်းနှောင်မှုအားပျော့သောဥပဒေ၏ ကျယ်ပြန့်သောဖွံ့ဖြိုးတိုးတက်လာမှုသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ တရားဝင်အရင်းအမြစ်များအပေါ် တိကျ၊ သေချာသော စာရင်းတည်ရှိမှု၏ ဆန့်ကျင်ဘက် လက္ခဏာတစ်ရပ် ဖြစ် သည်။ ထို့ပြင် ဤအသစ်စာချုပ်စာတမ်းများသည် ဥပဒေပြုခြင်းဖြစ်စဉ်၏ ကန့်သတ်စာရင်းတစ်ခု ဖြစ်လာသည်၊ ထို့အတွက်ကြောင့်ပင် နိုင်ငံစုံကွန်ဖရင့်များ နှင့် သဘောတူစာချုပ်စာတမ်းများအား ဓလေ့ထုံးတမ်းဥပဒေ၊ သဘောတူစာချုပ်ဥပဒေ သို့မဟုတ် အထွေထွေ မူသဘောတရားများဖြစ်ပေါ်လာစေရန် အသုံးပြုခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာဥပဒေ၏ကွဲပြားသောအရင်းအမြစ်များအကြားတွင် ဥပဒေပြုသူများဖြင့်လည်းကောင်း ဥပဒေပြုခြင်းဖြစ်စဉ်များဖြင့်လည်းကောင်း စုစည်းတိုးတက်မှုတစ်ခုကို ပြသခြင်းမျိုးလည်း ဖြစ်သည်။ ထိုအရင်း အမြစ်များနှင့် ဖြစ်စဉ်များကို အခြားအမှုကိစ္စများတွင် ဆက်လက်အသုံးပြုနေကြသော်လည်း[47] နိုင်ငံများစွာ အားလုံး ပါဝင်သော သဏ္ဌာန်ဆောင် ဥပဒေပြုခြင်း လုပ်ထုံးလုပ်နည်းများကိုလိုက်နာပြီး ၎င်းတို့၏ ရလာဒ်များ ပိုမို များပြား လာသည်။ အရေအတွက်အားဖြင့် ကန့်သတ်သော်လည်း အရည်အသွေးအားဖြင့် အရေးပါလာမှုသည် အပြည်ပြည်

[45] See Hart, H. L. A., The Concept of Law (above, n. I), 233.

[46] Ibid. 235 – 6.

[47] See e.g. Charney, J., 'Universal International Law', American Journal of International Law, 87 (1993), 529. 543 – 50.

ဆိုင်ရာ ဥပဒေပြုခြင်းဆိုင်ရာဒီမိုကရေစီဖြစ်စဉ်၏ သင်္ကေတတစ်ရပ်အဖြစ် သတ်မှတ်နိုင်သည်။ ဒုတိယအချက်မှာ မူသဘောအားဖြင့် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုစည်းမျဉ်းသည် တစ်ခုတည်းဖြစ်သင့်သည်။ အကယ်၍ ဥပဒေ အရင်းအမြစ်များသည် အခြားအရင်းအမြစ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် အချက်ပြမှုများကို ဖော်ထုတ်နိုင်ရန် အကူအညီဖြစ်စေခဲ့ပါလျှင် ထိုအချက်ပြမှုများအကြား ပဋိပက္ခဖြစ်မှုကို ရှောင်ရှားနိုင်ရန် အရင်းအမြစ်များစာရင်းမှာ သီးသန့်ဖြစ်ရမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ မူလအစဇာစ်မြစ်ကိုယ်တိုင်သည် အနိမ့်ဆုံးအနေဖြင့် ၎င်းသတ်မှတ်ထားသည့် အရင်းအမြစ်များမှ အရင်းခံလာခြင်းမဟုတ်ပါက ဥပဒေသဘော မဖြစ်နိုင်ပေ။ ထို့ကြောင့်ပင် အသိအမှတ်ပြုခြင်းဆိုင်ရာ စည်းမျဉ်းများသည် ရေးသားထားခြင်းမရှိသော်လည်း ၎င်းတို့၏ဖွဲ့စည်းတည်ဆောက်ပုံအမြင်တွင် ဖွဲ့စည်းပုံသဘောရှိလေသည်။

ဤအဆင့်၌ ထိုသို့သောအရင်းအမြစ်များစာရင်းကို ပြနိုင်သော တရားဝင်သဘောအရ အပြည်ပြည်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးပေ။[48] သို့သော် ယခင်ဖော်ပြခဲ့ပြီးသော အပြည်ပြည်ဆိုင်ရာ ဥပဒေ တရားဝင်အရင်းအမြစ်သုံးခုနှင့်အတူ ရှင်းရှင်းလင်းလင်း ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ထိုအရင်းအမြစ်သုံးခုတွဲကို အခြားအရင်းအမြစ်နှစ်ခုသို့ တိုးချဲ့ကာ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးဖြစ်နိုင်ချေရှိသည်။ အခြားအမြင်နှစ်ခုမှာ တစ်ဖက်တွင် နိုင်ငံများနှင့် အထူးသဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက ထုတ်ပြန်ထားသော တစ်ဖက်သတ်ဥပဒေ (unilateral law) နှင့် အခြားတစ်ဖက်တွင် နိုင်ငံများက ထုတ်ပြန်ထားသော သဘောတူညီမှုသဘောမဟုတ်သည့် စုပေါင်းလုပ်ရပ်များဖြစ်ကြသည်။[49] ဤသို့ အရင်းအမြစ်များအား ပူးပေါင်းဆောင်ရွက်ကျင့်သုံးခြင်း အထောက်အထား အခိုင်အမာကို လက်ရှိမျက်မြင် အပြည်ပြည်ဆိုင်ရာ ဥပဒေရှိ အသုံးပြုနိုင်သည့် များစွာသောအရင်းအမြစ်များတွင်လည်းကောင်း၊ အထူးသဖြင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ သဘောတူစာချုပ်များ၏ ကျင့်သုံးနိုင်သော ဥပဒေစာရင်းများတွင်လည်းကောင်း တွေ့နိုင်သည်။[50]

ယနေ့အချိန်အထိ အသုံးအများဆုံးအရင်းအမြစ်များစာရင်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) က ကျင့်သုံးနေသော ၎င်း၏ဖွဲ့စည်းပုံအခြေခံဥပဒေပါ (ICJ Statute) အပိုဒ် (၃၈) ဖြစ်သည်။ ထိုအပိုဒ်အား အပြည်ပြည်ဆိုင်ရာတရားရုံးတစ်ခုတွင်သာ ကျင့်သုံးပြီး ၁၉၄၅ ခုနှစ် ကတည်းက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပြည်တွင်းဥပဒေရှိ အရင်းအမြစ်များစာရင်းများစွာသည် တူညီစွာကန့်သတ်ထားပြီး ခေတ်နှင့်အညီလည်းဖြစ်သည်။

*(ခ)။ အသိအမှတ်ပြုစည်းမျဉ်းနှင့် အရင်းအမြစ်များ၏ မတူကွဲပြားများပြားမှု*

တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုစည်းမျဉ်းတည်ရှိမှုသည် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ ဝါစဉ်ကျတည်ရှိမှုနှင့် တန်းတူမဖြစ်နိုင်ပေ။ အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်တစ်ခုမှ ပေါ်ထွက်လာသည့် စံနှုန်းများသည် အခြားသောစံနှုန်းများအပေါ်တွင်ဖြစ်စေ၊ ယေဘုယျအပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အကြောင်းအရာအပေါ်တွင်ဖြစ်စေ ယေဘုယျဦးစားပေးမှုမရှိစေနိုင်သည်ဖြစ်ရာ ၎င်းတို့သည် ယနေ့အချိန်အထိ ရှိမနေခြင်းဖြစ်သည်။ ဥပဒေစည်းမျဉ်းများကို သတ်မှတ်ရန်အတွက် တဆင့်ခံနည်းလမ်းများကို ရေတွက်ကိုးကားထားသော်လည်း အပြည်ပြည်ဆိုင်ရာတရားရုံး ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၃၈)ကဲ့သို့သော တည်ဆဲအရင်းအမြစ်

[48] See Besson, S., 'Whose Constitution(s)? International Law, Democracy and Constitutionalism', in Dunoff. J. and Trachtman. J. (eds.). Ruling the World: Constitutionalism, International Law and Global Governance, (Cambridge: Cambridge University Press, 2009), 343.

[49] See Boyle. A. and Chinkin, C., The Making of International Law (above.n.4), 262.

[50] See e.g. Permanent Court of Arbitration, 'Optional rules for Arbitrating Disputes between Two States', International Legal Materials, 32, 1993, 572.

စာရင်းများမှ ရရှိလာသည့် အထောက်အထားဖြင့် ၎င်းအချက်အား သက်သေထူနိုင်သည်။ ၎င်းအား အပြည်ပြည်ဆိုင်ရာ ဒေါင်လိုက် မတူကွဲပြားအလေးထားမှုတစ်ခုဟု ဖွင့်ဆိုနိုင်သည်။

အမှန်တွင် ဤအချက်သည် အသိအမှတ်ပြုစည်းမျဉ်းတစ်ခုတည်ရှိခြင်းနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပေ။ သို့သော် အသိအမှတ်ပြုစည်းမျဉ်းအားဖြင့် သတ်မှတ်ပြုထားသော အရင်းအမြစ်များအကြား ဝါစဉ်ကျမှုတစ်ခု လိုအပ်နေသည်။ ဤအချက်သည် ပြည်တွင်းအဆင့်ရှိ တရားဝင်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ခိုင်မာစွာ အမြစ်တွယ်နေသည့် အသိအမှတ်ပြုစည်းမျဉ်းများကြောင့် မဟုတ်ဘဲ ထိုစည်းမျဉ်းများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ အရင်းအမြစ်များအကြား ဦးစားပေးသတ်မှတ်ရန်လိုအပ်ခြင်းဖြစ်သည်။ အားလုံးအတွက် လိုအပ်နေသည့်အချက်မှာ ပြောင်းလဲမှုဒုတိယတန်းစည်းမျဉ်းများ ဆိုလိုသည်မှာ သက်ဆိုင်ရာ ဥပဒေစနစ်တစ်ခုအတွင်းရှိ ပင်မဥပဒေအရင်းအမြစ်များထံမှ ခိုင်မာစွာအမြစ်တွယ်ခြင်းဖြင့် အသိအမှတ်ပြုစည်းမျဉ်းကိုယ်တိုင် ကာကွယ်ပေးထားသည်။ တစ်နည်းအားဖြင့် ဤအချက်သည် ဥပဒေဆိုင်ရာစနစ်ရှိ အကြီးတန်းအဆင့်ကို အဓိပ္ပာယ်သက်ရောက်နေပြီး ရလာဒ်အားဖြင့် အလိုအလျောက်ဖြစ်သော ပြောင်းလဲမှုဒုတိယတန်းစည်းမျဉ်းများ ဖြစ်လာလေသည်။ ၎င်းကို အပြည်ပြည်ဆိုင်ရာဥပဒေ အထွေထွေအရင်းအမြစ်များတွင်လည်းကောင်း၊ အထူးသဖြင့် ICJ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၃၈ တွင်လည်းကောင်း တွေ့နိုင်သည်။ သမိုင်းကြောင်းတလျှောက်တွင် အပိုဒ် ၃၈ နှင့်စပ်လျဉ်းပြီး ကမ္ဘာလုံးဆိုင်ရာ သဏ္ဌာန်ဆောင် သဘောတူညီမှုကိုရရှိရန် ခက်ခဲခဲ့သည်။ ယနေ့ခေတ်တွင် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံများ၏ သဏ္ဌာန်ဆောင် သဘောတူခွင့်ပြုချက်မပါဘဲ ၎င်းအားစွန့်ပစ်ရန်မှာ လက်တွေ့တွင် မဖြစ်နိုင်ချေ။[51]

အကောင်းဘက်မှ ပိုမိုရှုမြင်ရသော် ယေဘုယျ အပြည်ပြည်ဆိုင်ရာဥပဒေရှိ အခြားသော အရင်းအမြစ်များ၏ ဝါစဉ်ကျမှု ကင်းမဲ့နေခြင်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းစဉ်ပိုင်းအရသော်လည်းကောင်း၊ အကြောင်းအရာပိုင်းအရသော်လည်းကောင်း ဒီမိုကရေစီနည်းကျ အကြောင်းပြချက်များ ရှိသည်။

အရင်းအမြစ်များစွာ၏ ဝါစဉ်ကျမှုကို အသိအမှတ်ပြုရန် အကြောင်းပြချက်များစွာထဲမှ ပထမအချက်မှာ အချို့သောဥပဒေပြုခြင်းဖြစ်စဉ်များသည် တရားဝင်ဖြစ်မှု နှင့် အထူးသဖြင့် ဥပဒေပြုခြင်းဖြစ်စဉ်များ၏ ဒီမိုကရေစီနည်းကျသည့်အရည်အသွေးတို့ကြောင့် အခြားသောဥပဒေပြုခြင်းဖြစ်စဉ်များထက်ပို၍ သာလွန်ကောင်းမွန်နေကြောင်း အသိအမှတ်ပြုရန်ဖြစ်သည်။ ပြည်တွင်းဥပဒေတွင် ဓလေ့ထုံးတမ်းဥပဒေထက် ဥပဒေပြုခြင်းဖြစ်စဉ်၏ သာလွန်နေရခြင်းသည် ဒီမိုကရေစီနည်းကျ ပါဝင်ခြင်းနှင့် အများစု အခြေပြုဆောင်ရွက်ခြင်းတို့အပေါ် တည်မှီနေသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေပြုခြင်းဖြစ်စဉ်များ၏ သန္ဓေတည်စ ဒီမိုကရေစီရှုထောင့်ပေးထားချက်နှင့် မတူကွဲပြားသော အပြည်ပြည်ဆိုင်ရာဥပဒေပြုသူများအကြား အပြည့်အစုံထပ်တူကျနိုင်မှု မရှိခြင်းတို့ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များကို တူညီသောအဆင့်ဖြင့် မှတ်ယူထားဆဲဖြစ်သည်မှာ အံ့သြဖွယ် မဟုတ်ပေ။

အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များ၏ ဝါစဉ်ကျမှုမရှိခြင်း၏ အခြားသောအကြောင်းပြချက်မှာ အချို့သော အရင်းအမြစ်များမှ ပေါ်ပေါက်လာသည့် စံနှုန်းများ၏ အကြောင်းအရာများနှင့် ဆက်စပ်နိုင်လေသည်။ ထို့ကြောင့် ပြည်တွင်းဥပဒေစနစ်တွင် အခြေခံအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပေးထားလေ့ရှိပြီး ၎င်းတို့၏ အဆုံးစွန်တန်ဖိုးသည် ၎င်းတို့၏ အရင်းအမြစ်များကို အဆုံးစွန် ဝါစဉ်အလိုက် ထားရှိရန် လိုအပ်ကြောင်း ရှင်းလင်းပေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခိုင်မာစွာအမြစ်တွယ်နေမှုသည် နေရာအနှံ့အပြားသဘောကွဲလွဲမှုများအပေါ် သဘောတူညီမှုရရှိရာတွင် ပထမဆုံးအတားအဆီးဖြစ်သော်လည်း အမြစ်တွယ်နေသော တန်ဖိုးများနှင့်၎င်းတို့၏သက်ဆိုင်ရာ စံသတ်မှတ်ချက်၊ အားသာချက်များ အသေးစိတ်ကို

[51] See Tomuschat, C., 'Obligations Arising for States Without or Against Their Will', Recueil des cours, 241 (1993), 191, 239 – 40.

ထပ်မံသဘောကွဲနိုင်စေသော သဘောတူညီချက်တစ်ခုလည်းဖြစ်သည်။[52] ဤနေရာတွင် ထပ်မံရှင်းလင်းလိုသည်မှာ ကွဲပြားသော ဥပဒေအရင်းအမြစ်များအနှံ့ ပြန့်ကျဲလျှက်ရှိနေသည့် အရေးကြီးသောတန်ဖိုးများကို ကာကွယ်ထားသော အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများသည် အချို့သောစံနှုန်းများအား ၎င်းတို့၏ အရင်းအမြစ်အလိုက် အခြားသော စံနှုန်းများအပေါ် တရားဝင်ဦးစားပေးသတ်မှတ်ခြင်းကို မနှစ်သက်ပေ။ အမှန်စင်စစ်တွင် အပြည်ပြည်ဆိုင်ရာအဆင့်ရှိ မတူကွဲပြားသော ဥပဒေပြုလုပ်သူများ နှင့် ကိုယ်ကျင့်တရားနှင့် ယဉ်ကျေးမှု များပြားကွဲလွဲမှုတို့သည် အချို့သော အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များသည် အခြားအရင်းအမြစ်များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ သဏ္ဍာန်ဆောင် အမြစ်တွယ်ခြင်းအား စိုးရိမ်မှုကို ရှင်းပြပေးကောင်းပေးနိုင်သည်။ ထို့ကြောင့် မလိုက်နာမနေရစံများ jus cogens သည် အလွန်အရေးကြီးပြီး မလိုက်နာချိုးဖောက်ရန် မဖြစ်နိုင်သော်ငြား ၎င်းတို့၏ ပြန်လည်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်မှာ ကိစ္စတစ်ခုချင်းစီရှိ စာချုပ်အခြေပြုသည်ဖြစ်စေ သို့မဟုတ် ဓလေ့ထုံးတမ်း အရဖြစ်စေ ရှိနေသည့် ၎င်းတို့၏အရင်းအမြစ်များတွင် အသုံးပြုသည့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များနှင့် ကိုက်ညီနေသည်။ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်း အမြင်၌ စံနှုန်းများအားအစားထိုးနိုင်သော စံနှုန်းသတ်မှတ်ခြင်းအဆင့် ယန္တရားနည်းလမ်းမှအပ ၎င်းတို့၏ အကြောင်းအရာပြောင်းလဲမှုများကို တားဆီးပေးမည့် ခိုင်မာအမြစ်တွယ်နေသည့် ယန္တရားနည်းလမ်းများမရှိပေ။ (ဥပမာ - သဘောတူစာချုပ်ဥပဒေဆိုင်ရာ ဗီယင်နာသဘောတူစာချုပ် အပိုဒ် ၅၃ ကို ကြည့်ပါ။) ထိုနည်းတူစွာ ဥပဒေပြုခြင်းဖြစ်စဉ်များနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ ဒုတိယတန်းစည်းမျဉ်းများသည် သာမာန်အားဖြင့် စံနှုန်းပိုလေ့ရှိသော်လည်း အချုပ်အခြာအာဏာနိုင်ငံများအကြားတူညီမှု စည်းမျဉ်း သို့မဟုတ် သဘောတူစာချုပ်ကိုလိုက်နာရမှု စည်းမျဉ်း (*pacta sunt servanda*) ကဲ့သို့သော ကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာဥပဒေ ပင်မစံနှုန်းအရင်းအမြစ်များထက် ၎င်းတို့၏ အရင်းအမြစ်များအား အဆင့်ပိုမို သတ်မှတ်ခြင်းမပြုဘဲ ၎င်းတို့၏အရင်းအမြစ်များသည် သဘောတူစာချုပ် အခြေပြုဖြစ်နိုင်သလို၊ ဓလေ့ထုံးတမ်းအခြေပြု ဖြစ်နိုင်ပြီး သာမာန်အားဖြင့် နှစ်မျိုးစလုံးလည်းဖြစ်နိုင်သည်။

အမှန်စင်စစ် အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ ဝါစဉ်ကျမှု မရှိခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများ၏ မြောက်မြားစွာသော ဝါစဉ်ကျမှုများအပေါ် သက်ရောက်မှုမရှိနိုင်ပေ။[53] တစ်ခါတစ်ရံတွင် မလိုက်နာမနေရစံ jus congens စံနှုန်းများသည် အခြားသောအပြည်ပြည်ဆိုင်ရာ စံနှုန်းများထက် ဦးစားပေးမှုရှိသည်ဆိုသကဲ့သို့ စံသတ်မှတ်ချက် ဦးစားပေးမှုသည် စံနှုန်းသတ်မှတ်မှုဒီကရီအဆင့်မှ အရင်းခံပေါ်ပေါက်လာသည်။ ၎င်းကို စံနှုန်း၏ ဒြပ်ဂုဏ်သတ္တိဆိုင်ရာ ဝါစဉ်ကျမှုဟု တချို့က ခေါ်ဆိုကြသည်။ ရလာဒ်အားဖြင့် အကယ်၍ တစ်စုံတစ်ဦးမှ အချို့သော အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများသည် ဖွဲ့စည်းပုံအနေအထားရှိသည်ဟု အခိုင်အခန့် ပြောဆိုခဲ့ပါလျှင် ၎င်းသည် စံသတ်မှတ်ချက်သဘောဖြင့် ပြောခြင်းဖြစ်ပြီး ၎င်းတို့၏ တရားဝင်အရင်းအမြစ်ထက် ၎င်းတို့၏ အကြောင်းအရာကိုသာ ကိုးကားမှုပြုထားခြင်းကြောင့် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဖွဲ့စည်းပုံဝါဒ၏ ဒြပ်ဂုဏ်သတ္တိသဘာဝသည် ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းဖြစ်ပြီး တချို့သူများပြောဆိုကြသကဲ့သို့ အပြည်ပြည်ဆိုင်ရာဥပဒေ၏ စိတ်မြွာကွဲခြင်းမှာ စိုးရိမ်ဖွယ်အကြောင်းအရာ မဟုတ်ပေ။ ဆန့်ကျင်ဘက်အားဖြင့် ၎င်းသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဖွဲ့စည်းပုံနှင့် ဒီမိုကရေစီ လက္ခဏာရပ်ဖြစ်ပေသည်။ ဒီမိုကရေစီနည်းကျ အပြည်ပြည်ဆိုင်ရာ ဥပဒေပြုခြင်းလုပ်ထုံးလုပ်နည်းများ ပိုများလာလေလေ အပြည်ပြည်ဆိုင်ရာဥပဒေ အရင်းအမြစ်များ၏ ဝါစဉ်ကျမှုသည်လည်း ပိုများလာလေလေဖြစ်မည် ဖြစ်ပေသည်။

[52] See Besson, S., The Morality of Conflict (above, n. 251, 287)

[53] See e.g. Shelton, D., 'Normative Hierarchy in International Law', American Journal of International Law, 100/2 (2006), 291.

*(ဂ)။ အသိအမှတ်ပြုစည်းမျဉ်းနှင့် ဥပဒေဆိုင်ရာမူဘောင်စနစ်များ၏ ဗဟုဝါဒဖြစ်မှု*

ယေဘုယျ အပြည်ပြည်ဆိုင်ရာဥပဒေတွင် အသိအမှတ်ပြုစည်းမျဉ်းတစ်ခုတည်ရှိမှုသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင် ဝါစဉ်ကျမှုတည်ရှိခြင်းနှင့် တန်းတူညီမျှ မဖြစ်ပေ။ မတူကွဲပြားသော ဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဆိုင်ရာများအကြား အပြည်ပြည်ဆိုင်ရာ ဥပဒေစနစ်၏ စိတ်မြွာကွဲခြင်းကို ဖြစ်စေသော ဝါစဉ်ကျမှုမျိုး ယနေ့အချိန်အထိ မရှိသေးပေ။ ၎င်းကို (အတွင်းပိုင်း)*အလျားလိုက် ဥပဒေဆိုင်ရာ ဗဟုဝါဒ* ဟု ညွှန်းဆိုနိုင်သည်။

အမှန်တွင် သီးသန့်ဖြစ်သည့်အပြည်ပြည်ဆိုင်ရာစနစ်များအားလုံးနှင့် ဆက်စပ်နေသော အထွေထွေအပြည်ပြည်ဆိုင်ရာဥပဒေ နောက်ခံစနစ်တစ်ခုကို တဖြည်းဖြည်းစုစည်းလာမှုအား ယခုအခါ လက်ခံလာကြသည်။ ရလာဒ်အားဖြင့် ယေဘုယျ အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များနှင့် သက်ဆိုင်နေသမျှကာလပတ်လုံး အသိအမှတ်ပြုစည်းမျဉ်းနှင့် ယေဘုယျ အပြည်ပြည်ဆိုင်ရာဥပဒေဒုတိယတန်းစည်းမျဉ်းများသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ မူဘောင်စနစ်အားလုံးတွင် တူညီလာကြမည်ဖြစ်သည်။ ဖော်ပြပါ သီးသန့်မူဘောင်စနစ်များရှိ ဥပဒေအရင်းအမြစ်များကို ၎င်းတို့မူဘောင်စနစ်များအတွင်း သတ်မှတ်ကြပြီး ၎င်းတို့သည် ယေဘုယျ အပြည်ပြည်ဆိုင်ရာဥပဒေ၏ အရင်းအမြစ်များနှင့် ကွဲပြားကြသည်ဖြစ်သည်။ ၎င်းတို့ ထိုသို့ ပြုလုပ်ခဲ့လျှင်_ကိုယ်ပိုင်စနစ်တစ်ခုရှိသော ဥရောပသမဂ္ဂဥပဒေမှလွဲ၍_ ထိုစနစ်များသည် သီးခြားဥပဒေစနစ်များ သို့မဟုတ် အနည်းဆုံးအနေဖြင့် သီးခြားစည်းမျဉ်းအစုများ အမှန်တကယ် ဖြစ်လာကြသည်။

သီးသန့်ဥပဒေမူဘောင်ရှိ စံနှုန်းများနှင့် ယေဘုယျစနစ်မူဘောင်ရှိ စံနှုန်းများအကြား ပဋိပက္ခဖြစ်သည့်အခါတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၏ စနစ်မူဘောင်အားလုံးနှင့် သက်ဆိုင်နေသည့် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အသိအမှတ်ပြုစည်းမျဉ်းတစ်ခု (၎င်း၏ အနိမ့်ဆုံးခိုင်မာ နစ်ဝင်နေသည့် အကြောင်းအရာနှင့်အတူ)တည်ရှိခြင်းသည် ပဋိပက္ခစည်းမျဉ်းတစ်ခုကို သတ်မှတ်မပေးနိုင်ပေ။ ပဋိပက္ခဖြစ်သည့် စံနှုန်းများရှိ အကြောင်းအရာများအပေါ် အခြေပြုထားသည့် စံသတ်မှတ်ချက်ဝါစဉ်ကျမှုများအပြင် ကျွန်ုပ်တို့အားလုံးတွင် ရှိနေသည်မှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးတွင် ကျင့်သုံးနိုင်သော ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ် (၁၀၃) ကဲ့သို့သော (*စံနှုန်းများ၏ တရားဝင် ဝါစဉ်ကျမှု ဟု ခေါ်နိုင်သည့်*) သီးသန့်မူဘောင်စနစ်များအတွင်းရှိ အထူးပဋိပက္ခစည်းမျဉ်းများဖြစ်သည်။ တစ်စုံတစ်ဦးမှလည်း အပြည်ပြည်ဆိုင်ရာဥပဒေတွင် အသုံးပြုနိုင်သည့် ဥပဒေဆိုင်ရာ သီးသန့်ဖြစ်ခြင်း (*lex specialis*) သို့မဟုတ် နောက်မှပေါ်သည့်ဥပဒေ (*lex posterior*) အခြေခံမူသဘောတရားများကို ဖော်ပြသင့်သည်။ နောက်ဆုံးတွင် အခြားသော ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အခြေခံမူများကို ဖော်ပြသင့်သည်၊ ၎င်းတို့မှာ တိုင်တန်းမှုဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း မူသဘောတရား သို့မဟုတ် ညီညွတ်အပ်စပ်ခြင်း မူသဘောတရားများကဲ့သို့ မူများဖြစ်ကြပြီး ၎င်းတို့သည် စံနှုန်းတစ်ခုနှင့် တစ်ခု ဦးစားပေးခြင်းမျိုးမရှိဘဲ အပြည်ပြည်ဆိုင်ရာ စံနှုန်းများအကြားရှိ ပဋိပက္ခများကို တားဆီးပေးခြင်းနှင့် တတ်နိုင်သမျှ ဖြေရှင်းပေးသည်။

အချက်အလက်အရဆိုသော် နိုင်ငံစုံနှင့် မတူကွဲပြားမှုကို အလေးထားသောဗဟုဝါဒသဘာဝရှိသည့် ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီစနစ်သည် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းရှိ နိုင်ငံရေး အသိုက်အဝန်းများနှင့် ရှေးယခင်ကပင် နီးနွယ်ချိတ်ဆက်နေသည်။ ထိုချိတ်ဆက်မှုသည် မတူသော မူဘောင်စနစ်များအကြား အပြည်ပြည်ဆိုင်ရာဥပဒေ စိတ်မြွာကွဲခြင်းသည် ထိုဥပဒေ၏ ဖွဲ့စည်းပုံရေးရာလက္ခဏာတစ်ရပ်ဖြစ်ကြောင်း ရှင်းလင်းစေသည်။ ထိုအသိုက်အဝန်းများသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ နယ်ပယ်အားလုံးတွင် အလုံးစုံ ထပ်တူကျနေသည် မဟုတ်ပေ။ ဤအချက်သည် ၎င်းတို့ထုတ်ပြန်လိုက်သည့် ဥပဒေများအကြား ရှင်းရှင်းလင်းလင်း ဝါစဉ်ကျမှုကို တားမြစ်ထားသည့်အချက်လည်းဖြစ်သည်။ သေချာသည်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေပြုခြင်းဖြစ်စဉ်များတွင် ပါဝင်မှုနှင့် သာတူညီမျှမှု ပိုအားကောင်းလာလေလေ ဒီမိုကရေစီဆိုင်ရာ အထောက်အထားအရည်အသွေးအရ ဦးစား

ပေးသတ်မှတ်မှုများ ပိုရှင်းလင်းလာလေလေဖြစ်ပြီး အချို့သောဖြစ်စဉ်များသည် အခြားအချက်များထက်စာလျှင် တူညီစွာ ပါဝင်လာမှု ပိုမိုဖြစ်ပေါ်လာပေမည်။

(ဃ)။ အသိအမှတ်ပြုစည်းမျဉ်းနှင့် ဥပဒေဆိုင်ရာ စနစ်များ၏ ဗဟုဝါဒဖြစ်မှု

အနည်းဆုံးမဟုတ်သော်ငြား နောက်ဆုံးအနေဖြင့်ဖော်ပြလိုသည်မှာ အထွေထွေအပြည်ပြည်ဆိုင်ရာဥပဒေ၏ အသိအမှတ်ပြုစည်းမျဉ်းသည် သက်ဆိုင်ရာ ဥပဒေစံစနစ်အသီးသီး၏ ကိုယ်ပိုင်လွတ်လပ်မှုကို ခြိမ်းခြောက်ခြင်း မရှိဘဲ ပြည်တွင်းနှင့် ဒေသတွင်း အသိအမှတ်ပြုစည်းမျဉ်းများနှင့် အတူတကွ ယှဉ်တွဲတည်ရှိနေနိုင်သည်။ အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုစည်းမျဉ်းများသည် ဒေသတွင်းနှင့် ပြည်တွင်းဥပဒေစနစ်များအတွင်း ကျင့်သုံးနေသော အချို့သော (အပြည်ပြည်ဆိုင်ရာ) ဥပဒေကို သတ်မှတ်ဖော်ထုတ်ပေးသည်။ ထို့ကြောင့် ဥပဒေစံနှုန်းများသည် ချက်ချင်း တရားဝင်မှန်ကန်မှုရရှိလာပြီး တူညီသောလူများအား သက်ရောက်နိုင်သည်ဖြစ်သည်။

ဥပဒေစနစ်များအကြား ပဋိပက္ခဖြစ်ပေါ်လာသောအခါ အဖြေမှာ ထိုစနစ်များအကြား ဆက်ဆံမှုများနှင့် သက်ဆိုင်သည့် မူသဘောတရားများတွင် ရှိနေသည်။ အနှစ်ချုပ်ဆိုရသော် အမြင်တစ်ခုဝါဒ Monism (ပြည်တွင်းဥပဒေစနစ်ကိုဖြစ်စေ၊ သို့မဟုတ် နိုင်ငံတကာဥပဒေစနစ်ကိုဖြစ် တခုခုကို ဦးစားပေး သတ်မှတ်ကာ အသိအမှတ်ပြုစည်းမျဉ်းတစ်ခုတည်းအောက်တွင် အခြားအရာများကို စုဖွဲ့ထားသော တစ်ခုတည်းသော ဥပဒေစနစ်) အရ လည်းကောင်း၊ အမြင်နှစ်ခုဝါဒ Dualism (စနစ်တစ်ခုစီ၏ အသိအမှတ်ပြု စည်းမျဉ်းတစ်ခုချင်းစီမှ ဆုံးဖြတ် လိုက်သည်များမှလွဲ၍ ကြားဝင်စွက်ဖက်မှုများမရှိသော သီးခြားဥပဒေစစနစ်များ) အရလည်းကောင်း၊ သို့မဟုတ် ဗဟုဝါဒ Pluralism (အချင်းချင်း အပြန်အလှန် တရားဝင်ခိုင်မာစေသော်လည်း သီးခြားဖြစ်သည့် အသိအမှတ်ပြု စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် သီးခြားဥပဒေစနစ်များ) အရလည်းကောင်း ၎င်းတို့အား ဖွဲ့စည်းသတ်မှတ်ထားနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အမြင်တစ်ခုဝါဒ သို့မဟုတ် အမြင်နှစ်ခုဝါဒသည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစနစ်များအကြား ထွေးရောယှက်တင်ပြုမှုများ များပြားလာသည့်အပေါ် အပြည့်အဝ မလုပ်ဆောင်ပေ။ ထိုနည်းလမ်းနှစ်ရပ်လုံးမှာ ကိစ္စရပ်အားလုံးတွင် အပြန်အလှန် တရားဝင်ခိုင်မာမှုနှင့်စပ်လျဉ်းပြီး ကနဦး ဖြေရှင်းနိုင်သည်မဟုတ်သည်ဖြစ်ရာ[54] ဥပဒေစနစ်များအကြားရှိ ဗဟုဝါဒအား များသောအားဖြင့် အလေးသာလာခဲ့သည်။ အမှန်စင်စစ်တွင် ပြင်ပ ဥပဒေဆိုင်ရာ ဗဟုဝါဒသည် ဤအခန်းတွင် ထောက်ခံခဲ့သော ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီ ဗဟုဝါဒပုံစံကို လိုအပ်သည်။ နိုင်ငံရေးအရ ကိုယ်ပိုင် ဖွဲ့စည်းပုံဥပဒေနှင့် ဒီမိုကရေစီနည်းကျ တရားဝင်ဖြစ်မှုတို့သည် ဥပဒေစနစ်များ၏ ကိုယ်ပိုင်လွတ်လပ်မှုနောက်တွင် တည်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော ကွဲပြားသည့် ဥပဒေစနစ်များအရ တည်ဆောက်ထားသည့် နိုင်ငံရေးအသိုက်အဝန်းများသည် ထပ်တူကျနေသော်လည်း တစ်စိတ်တစ်ပိုင်း ထပ်တူကျမှုများအတွက် အမြင်တစ်ခုဝါဒ နှင့် အမြင်နှစ်ခုဝါဒ နှစ်ခုလုံးသည် အပြန်အလှန် ကျိုးကြောင်းညီညွတ်ဆက်စပ်နိုင်ရေးကို အပြည့်အဝ စွမ်းဆောင်နိုင်ခြင်းမရှိပေ။

ဗဟုဝါဒကို အသေအချာလေ့လာစိစစ်ပြီးသောအခါ ကြည့်ရန်ကျန်နေသေးသည့်အချက်တစ်ခုမှာ ပြည်တွင်း၊ ဥရောပသမဂ္ဂ နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများအကြားရှိ ပဋိပက္ခများကို မည်သို့ဖြေရှင်းသင့်သည် ဆိုသည့်အချက်ဖြစ်သည်။ ၎င်းအချက်ကို ပထမဦးစွာ ဒီမိုကရေစီ အထောက်အထားအရည်အသွေးများ_ အထူးသဖြင့် ဆုံးဖြတ်ချက်ကြောင့် သက်ရောက်ခံရမည့်သူအားလုံး တူညီစွာ ပါဝင်နိုင်ရေးအခြေခံမူ_ကို ရည်ညွှန်းကိုးကားလျက် ဆောင်ရွက်နိုင်သည်။ ၎င်းတို့တွင် ပြည်တွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဆင့်တစ်ခုခုတွင်

[54] See Gaja, G., 'Dualism – A Review'. In Nollkaemper, A. and Nijman, J. (eds.), New Perspectives on the Divide between International Law and National Law (Oxford: Oxford University Press, 2007), 52.

 © Translation Right - HRERP

အထူးအခွင့်ထူးဖြစ်စေနိုင်သော ဒီမိုကရေစီသဘောတရား၏ အကူဖြစ်သော အခြေခံမှုများလည်း ပါဝင်သည်။ ပဋိပက္ခဖြေရှင်းခြင်းသည် စံနှုန်းတစ်ခုစီ၏ အကြောင်းအရာပေါ်တွင်လည်း မူတည်သည်။ အငြင်းပွားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများသည် အလွန်အရေးကြီးပါက စံနှုန်းဝါစဉ်ကျမှုကို ရည်ညွှန်းလျက် ပဋိပက္ခကို ဖြေရှင်းနိုင်သည်။ သို့သော် အဆိုပါစံနှုန်းဝါစဉ်ကျမှုသည် ဥပဒေစနစ်များကို ကျော်လွန်ခဲ့ပါက ရလာဒ်အနေဖြင့် ကိစ္စရပ်အများစုတွင် အပြည်ပြည်ဆိုင်ရာသဘောအဖြစ်၊ ရံဖန်ရံခါတွင် ဒေသတွင်းသဘောအဖြစ် သို့မဟုတ် ပြည်တွင်းသဘောအဖြစ် ရှိနေသည့် အလွန်အရေးပါသော စံနှုန်းများကို ဦးစားပေးသတ်မှတ်မှု ဖြစ်လာသည်။ နောက်ဆုံးအချက်မှာ တူညီသောလူများအပေါ်တွင် စည်းနှောင်ထားသည့် မတူကွဲပြားသော ဥပဒေစနစ်များတွင် ကျင့်သုံးနိုင်သော(စံသတ်မှတ်မှု)ကိုက်ညီစပ်ဆက်ခြင်း၏ ကာကွယ်မှုရေးရာတာဝန်များကိုလည်း တစ်စုံတစ်ယောက်သည် ဖော်ပြသင့်ပါသည်။[55]

## ၅။ နိဂုံးချုပ်

အပြည်ပြည်ဆိုင်ရာဥပဒေအရင်းအမြစ်များသည် ၎င်းတို့၏ ဥပဒေနှင့် ညီညွတ်ခြင်း၊ စံသတ်မှတ်ခြင်းနှင့် တရားဝင်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ၎င်းတို့ကို အကောင်းဆုံးစုစည်းလျက် ဤအခန်းတွင် အခိုင်အမာဆိုခဲ့သည်မှာ - အပြည်ပြည်ဆိုင်ရာဥပဒေ၏ စံသတ်မှတ်ခြင်း လက်ရှိမျက်မြင်ဝါဒပုံစံသည် အပြည်ပြည်ဆိုင်ရာဥပဒေစိုးမိုးရေး၊ ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိ စံသတ်မှတ်ခြင်း၊ အပြည်ပြည် ဆိုင်ရာဥပဒေပြုခြင်းဆိုင်ရာ နိုင်ငံစုံနှင့် ဗဟုဝါဒ ဒီမိုကရေစီဖြစ်စဉ်များရှိ ၎င်း၏တရားဝင်ဖြစ်မှုဆိုင်ရာကဏ္ဍများတွင် ဥပဒေနှင့် ညီညွတ်မှုကို အခြေခံပေးသည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေပြုသူများသည် ဆင့်ပွါးတိုးတက်လာပြီး ဗဟုဝါဒ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်း၏ အဖွဲ့ဝင်များအဖြစ် ဖော်ပြလာကြသည်။ ဤအသိုက်အဝန်း၏ အဓိက စည်းနှောင်မှုသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ၎င်းဥပဒေများမှတဆင့် ဖော်ပြဆုံးဖြတ်ထားသည့် တန်ဖိုးများဖြစ်ကြသည်။ ရလာဒ်အားဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအရင်းအမြစ်များသည် ကိုယ်ပိုင်ဖွဲ့စည်းပုံဥပဒေ ဖြစ်စဉ်များကဲ့သို့ ဖြစ်လာကြပြီး ထိုအသိုက်အဝန်းကို စဉ်ဆက်မပြတ် ပုံသွင်းလျက် ရှိနေပေသည်။ ထိုအသိုက်အဝန်းရှိ သက်ရောက်သူများအားလုံး တန်းတူညီမျှမှုရှိရေးအား အလေးထားလျက် အပြည်ပြည်ဆိုင်ရာဥပဒေ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အပြည်ပြည်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဝါဒဆိုသည့်အရာပင်ဖြစ်လေသည်။ ပိုသည်၊ လိုသည် အလျဉ်း မရှိပေ။

[55] See e.g. Besson, S., 'From European Integration to European Integrity. Should European Law Speak with Just one Voice'', European Law Journal, 10/3 (2004), 257.